မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော်၊ ၂၀၁၂ ခုနှစ်၊ မတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Bede Gilbert Corry နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-နယူးဇီလန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၃)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် မတ် ၆

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၄၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ ၌ ဖေဖော်ဝါရီ ၂၄ ရက်က တင်သွင်းခဲ့သော မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **ပြည်သူ့လုပ်ငန်းဌာန ကိုဓဥပဒေ (PWD Code) နှင့် ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဓဥပဒေ(PWA Code)များပါ ပြဋ္ဌာန်းထားချက်များကို ပြင်ဆင်ရန်နှင့် ပြင်ဆင်ပြီး ပြဋ္ဌာန်းချက်စာအုပ်များ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ကိုဓဥပဒေကို ယနေ့ လက်တွေ့ကျင့်သုံးလျက်ရှိသော မူလဌာန/လုပ်ငန်းများအပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတို့ကိုပါ ထည့်သွင်းဖော်ပြရန်လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက လက်ရှိ PWD နှင့် PWA Code များကို ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်းများပြုလုပ်ပြီး ဌာနအားလုံးက တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်၏ ငွေကြေး၊ ပြည်သူများ၏ ငွေကြေးကို စနစ်တကျသုံးစွဲရာရောက်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက အဆိုရှင်တင်ပြသည့် PWD နှင့် PWA Code တို့အပြင် Civil Account Code, Fundamental Rules & Regulation၊ ဌာနဆိုင်ရာများက အမြဲကျင့်သုံးလျက်ရှိသော Manual အားလုံးနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲထားသည့် အုပ်ချုပ်ရေးယန္တရားစနစ်သစ်နှင့်လျော်ညီစွာ လိုအပ်သည်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၇ ရက်)

အလှအပနှင့် ကျန်းမာရေး

ယနေ့ခေတ်လူငယ်များသည် ခေတ်၏တောင်းဆိုမှုအရ အလှအပကို ပို၍မက်မောလာကြသည်။ အလှအပကို အစွမ်းကုန်ထုတ်၍ ပြိုင်ကြသည်။ လူငယ်တို့သဘာဝအရ လှချင်ပချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။ သာမန်လှချင်ပချင်ကြသည်ကို မပြောလိုပါ။ သို့လင့်ကစား အတိုင်းအတာတစ်ခုကို ကျော်လွန်ပြီး လှပအောင်ဖန်တီးမှုများသည်ကား ကျန်းမာရေးရှုထောင့်ကကြည့်လျှင် အကောင်းထက် အဆိုးများဖြစ်လာနိုင်သည်ကို သတိပြုကြစေလိုပါသည်။

လူငယ်တို့သည်ကား ရုပါရုံငါးပါးရှိသည့်အနက် အထူးသဖြင့် ဆံပင်နှင့် အရေပြားလှပမှုကို အလေးအနက်ထား ပြုပြင်ခြယ်သလာကြသည်။ ဆံပင်တစ်မျိုးတည်းကိုပင် အဖြောင့်၊ အကောက်၊ အကွေး၊ အတို၊ အရှည်စုံ၏။ အချို့လူငယ်တို့သည်ကား ဆံပင်မူလအနက်ရောင်ကို အရောင်ဆိုးကြ၏။ အချို့က ရွှေအိုရောင်၊ အချို့က နီကြောင်ကြောင်၊ အချို့က ဖြူကြောင်ကြား အမျိုးမျိုးရှိကြသည်။

ဤသို့ ဆံပင်အလှပြုပြင်ခြင်း၏နောက်ကွယ်တွင် ကောင်းကျိုးများရှိသလို ဆိုးကျိုးများလည်း တွဲ၍လိုက်ပါလာကြသည်ကို သတိပြုကြစေလိုသည်။ ဆံပင်ကို သာမန်ထက်လှပအောင် ပြုပြင်လိုက်၍ လှပကောင်းလှပလာနိုင်သည်ကို အငြင်းမပွားလိုပါ။ သို့သော် ဆိုးကျိုးကား အမှန်ပင်ရှိပါသည်။ ဆိုးဆေးတွင်ပါဝင်သော ဓာတုပစ္စည်းများကြောင့် ဆံပင်များကျွတ်ခြင်း၊ ဆံပင်ဦးရေများ ပျက်စီးခြင်း၊ ဆံပင်ဆဲလ်များ ထိခိုက်ပျက်စီးခြင်း၊ အရွယ်မတိုင်မီ ဆံပင်များအဖြူမြန်ခြင်း စသည့် ဆိုးကျိုးများဖြစ်နိုင်ကြောင်း သုတေသီများက သတိပေးကြသည်။

အလားတူ အသားအရေလှပစေရန်လည်း အထူးတလည် ပြုပြင်ခြယ်မှုန်းကြ၏။ မိတ်ကပ်အမျိုးမျိုး၊ အလှဆီအမျိုးမျိုး၊ နှုတ်ခမ်းဆီအမျိုးမျိုး စသည်ဖြင့် သုံးစွဲလာကြ၏။ ယင်းတို့တွင် ဓာတုဗေဒပစ္စည်းများပါဝင်၏။ ယင်းဓာတုပစ္စည်းများသည် အရေပြားကို ထိခိုက်ပျက်စီးစေနိုင်၏။ အချို့သောမိန်းကလေးများမှာ မိတ်ကပ်တွင်ပါဝင်သော ဓာတုပစ္စည်းများနှင့် ဓာတ်မတည့်သဖြင့် အဖုအပိမ့်များ ထွက်လာပြီး တစ်သက်လုံးအရုပ်ဆိုးသွားသည်ကို တွေ့ဖူးကြပေလိမ့်မည်။

ယနေ့ခေတ်ဈေးကွက်များတွင် ရောင်းချနေသော အလှကုန်ပစ္စည်းအမျိုးမျိုးတို့သည် အစစ်အမှန်များရှိသော်လည်း အတုအပများလည်း များစွာရှိ၏။ အစစ်အမှန်ကိုသုံးစွဲ၍ အရေပြားထိခိုက်မှုမရှိဟုဆိုစေကာမူ အတုအပများကြောင့် အရေပြားများ ထိခိုက်ပျက်စီးမည်မှာ အသေအချာပင်ဖြစ်သည်။ မိတ်ကပ်များ အလွန်အကျွံလိမ်းခြယ်မိသဖြင့် အရေပြားများ အရွယ်မတိုင်မီ တွန့်ခြင်း၊ အရေပြားပေါ်တွင် အကွက်အကွက်များ ဖြစ်ပေါ်ခြင်း၊ အရေပြားဆဲလ်များပျက်စီး၍ အမည်းစက်များထွက်လာခြင်း စသည့် ဆိုးကျိုးများ ဖြစ်စေနိုင်ကြောင်း ဆေးပညာရှင်တို့က သတိပေးကြသည်။

အမှန်စင်စစ် အရေပြားသည် လူ၏ခန္ဓာကိုယ်တွင် အကြီးမားဆုံးအစိတ်အပိုင်းဖြစ်သည်။ အရေပြားကို သန့်ရှင်းစင်ကြယ်စွာထားသင့်သည်။ အရေပြားသန့်ရှင်းမှုနှင့် ကျန်းမာရေးသည် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ အရေပြားကို သန့်ရှင်းပြီး စိုစွတ်နေအောင် ထားသင့်သည်။ သို့မှသာ အရေပြားပေါ်ရှိ မွေးညင်းပေါက်များအတွင်းမှ ချွေးများထွက်လာနိုင်သည်။ ချွေးထွက်ခြင်းသည် ခန္ဓာကိုယ်အပူအအေးကို မျှတစေသဖြင့် ကျန်းမာရေးအတွက်ကောင်းသည်။ မွေးညင်းပေါက်များ ပိတ်နေသဖြင့် ချွေးမထွက်နိုင်၍ ကျန်းမာရေးချို့ချာနိုင်သည်။ နာဖျားတတ်သည်။

အရေပြားလှပစေရန်အတွက် ချွေးထွက်နေစေရန်လိုသည်။ နေ့စဉ် ရေများများသောက်ပေးသင့်သည်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတစ်ခုခု လုပ်သင့်သည်။ အိပ်ရာမဝင်မီ လိမ်းခြယ်ထားသော မိတ်ကပ်များကို ဖယ်ရှားသင့်သည်။ အရည်ရွှမ်းသော သစ်သီးဝလံများ စားသုံးပေးသင့်သည်။ ညအိပ်ရာဝင်စဉ် သနပ်ခါးလိမ်းခြင်းသည် ကောင်း၏။ မိတ်ကပ်များလိမ်းခြယ်၍ အိပ်ရာဝင်ခြင်းကား မကောင်း။ အခိုးအငွေ့များပိတ်နေသဖြင့် ကျန်းမာရေးထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ ယနေ့ခေတ်လူငယ် လူရွယ်များ အလှအပကို အကောင်းဆုံးဖြစ်အောင် ခြယ်မှုန်းပြုပြင်ကြရာတွင် ကျန်းမာရေးနှင့်လိုက်လျောညီထွေစွာ ပြုပြင်တတ်စေရန်နှင့် ဘေးထွက်ဆိုးကျိုးများ မကြုံရလေအောင် သတိပြုဆောင်ရွက်နိုင်ပါရန် အကြံပြုရေးသားလိုက်ရပါသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဓာတ်အားကြိုးသစ်များလဲလှယ်

ရန်ကုန် မတ် ၆

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ သန့်ရှင်းကြံ့ခိုင်ကောင်းမွန်ရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဗို့အားပြည့်မီရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် ဦးအောင်မြတ်လမ်းဆုံအနီးရှိ အများပြည်သူသုံး ၄၀၀ဗို့အားလိုင်းကို ဖေဖော်ဝါရီ ၂၉ ရက်က အရှေ့ပိုင်းခရိုင် လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးနှင့် လျှပ်စစ်ဝန်ထမ်းများက လဲလှယ်ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရသည်။ (အပေါ်ပုံ) (မြို့နယ်လျှပ်စစ်)

သဲတောလေး-အောင်ဇေယျာမြေသားလမ်း ပြန်လည်ပြုပြင်

မိတ္ထီလာ မတ် ၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာ သွားလာနိုင်ရန် မိတ္ထီလာမြို့နယ် ချည်စက်ရပ်ကွက် သဲတောလေး-အောင်ဇေယျာမြေသားလမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၇ ရက်က လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

သဲတောလေး-အောင်ဇေယျာမြေသားလမ်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းအကျယ် ပေ ၂၀၊ အရှည် ပေ ၁၅၀၀ ရှိ မြေသားလမ်းကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၄၀၇)

နွေရာသီအခြေခံအားကစားသင်တန်း ကျောက်မဲမြို့နယ်၌ဖွင့်

ကျောက်မဲ မတ် ၆

ကျောက်မဲခရိုင် ကျောက်မဲမြို့ ခရိုင်မိုးလုံလေလုံအားကစားခန်းမ၌ မတ် ၅ ရက် နံနက် ၁၀ နာရီက အားကစားနှင့်ကာယပညာကော်မတီနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးတို့က အမှာစကားများပြောကြားကာ နွေရာသီအခြေခံအားကစားသင်တန်းအတွက် ဌာနပေါင်းစုံမှ ကူညီထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းတွင် ဘတ်စကက်ဘော၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ မြန်မာ့သိုင်း စသည့်အားကစားနည်း ခြောက်မျိုးကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စီးပွားရေးပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် မတ် ၆

စီးပွားရေးတက္ကသိုလ် ၁၉၉၄-၁၉၉၅ ဘွဲ့ရများ၏ (၁၇)ကြိမ်မြောက်အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ် (၁) အမှတ် ၄/၆/၁၉၅၄ရှိ လင်းရောင်နီခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီက ကျင်းပရာ ရှေ့ဦးစွာအသင်းအတွင်းရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ပါမောက္ခဒေါ်လှမြင့် ပါမောက္ခ ဌာနမှူး(ငြိမ်း)စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်က Logistics & Supply Chain Management ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောပြီးနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

စာကြည့်တိုက်ဆောက်လုပ်မှု မိုးမောက်၌ ကွင်းဆင်းစစ်ဆေး

မိုးမောက် မတ် ၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့ဟောင်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်သော စာပန်းချီစာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာရပ်မိ ရပ်ဖများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ဆောက်လုပ်မှု အမြန်ပြီးစီးရေး၊ စာအုပ်စာစောင်၊ မီဒီယာပစ္စည်း၊ ပရိဘောဂနှင့် ငွေပဒေသာပင်ထူထောင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး နိုင်ငံတော်မတည်ငွေ ဒုတိယရစ် ငွေကျပ်ငါးသိန်းကို ရပ်မိရပ်ဖများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ်၌ စာအောင်ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မြို့နယ်လုံးဆိုင်ရာ သတ္တမအကြိမ်မြောက် ဝိနယာသီသစာမေးပွဲစာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က သာစုအနောက်ရပ်ကွက် ပြည်လုံးချမ်းသာကျောင်းတိုက် ပြည်လုံးချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ကျင်းပရေးနာယကဦးကျော်ရဲသွေး၊ ဥက္ကဋ္ဌ ဦးညွန့်ဌေး (ကြာငါးခိုင်သက်န်းတိုက်)နှင့် ဘာသာရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက စာအောင်သံဃာတော်များအား ဆုများဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၂)

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၌ ဖေဖော်ဝါရီ ၂၇ ရက်က အခြေခံကွန်ပျူတာနှင့် အခြေခံအင်္ဂလိပ်စကားပြော သင်တန်းအမှတ်စဉ်(၁/၂၀၁၂) ဆင်းပွဲနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း စစ်တမ်းကောက်ယူရေး အကြိုပြင်ဆင်မှုအတွက် မြေပုံရေးဆွဲရေး၊ ပြည်တွင်းပြောင်းရွှေ့သွားလာမှု စစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်း (၂/၂၀၁၂) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ပြည်နယ် လဝက)

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မတ် ၆

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စမ်းချောင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းများကို မတ် ၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် စမ်းချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုးခိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (ဝဝ၇)

မီးပိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ

သုံးခွမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၆

သုံးခွမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် မတ် ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ နှစ်ပတ်လည်အစည်းအဝေး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဦးအောင်သန်းစိုးက ဖတ်ကြားတင်ပြပြီး အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြကာ သက်ကြီး ၈၇ ဦး ပူဇော်ပွဲနှင့် နိုင်ငံတော်အဆင့်ဘွဲ့တံဆိပ်ရသူတစ်ဦး၊ ပါရဂူဘွဲ့ရနှစ်ဦး၊ တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် ဂုဏ်ထူးရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(အောက်ပုံ)**

ထို့နောက် အလုပ်အမှုဆောင်သစ်များရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးမြသိန်း၊ အတွင်းရေးမှူး ဦးထွန်းလှအောင်တို့ပါဝင်သော အလုပ်အမှုဆောင် ၂၆ ဦး ပါဝင်သည့်အသင်းကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ (ဝ၂၈)

နိုင်ငံတော်သမ္မတဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရှေ့) (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်က ငွေစာရင်းမင်းကြီးရုံးရှိစဉ်က စာရင်းစစ်ဆေးမှုများ၏အကျိုးသက်ရောက်မှုအခြေအနေ၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် စာရင်းစစ်၏လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုပါ ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဓဥပဒေတွင် လိုအပ်သလိုဖြည့်စွက်ထည့်သွင်းရန် အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ကိုလိုနီခေတ်က ရေးဆွဲခဲ့သော အက်ဥပဒေများသည် လက်ရှိပကတိအခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်တော့ခြင်း၊ မဆီလျော်တော့ခြင်းတို့ကြောင့် ၎င်းအက်ဥပဒေများတွင် ပါဝင်သည့် စကားရပ်အသုံးအနှုန်းများ၊ ငွေကြေးတန်ဖိုးများ၊ အတိုင်းအထွာများ စသည်တို့ကို လိုအပ်သလိုပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ပြုလုပ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြည်သူ့လုပ်ငန်း ကိုဓဥပဒေနှင့် ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဓဥပဒေများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတို့အပြင် အင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်လျက်ရှိကြသည့် အစိုးရဌာနအဖွဲ့အစည်းအချို့ကလည်း မှီငြမ်းကိုးကား ကျင့်သုံးလျက်ရှိကြပါကြောင်း။

သို့ရာတွင် အချို့သောပြဋ္ဌာန်းချက်များပါ အသုံးအနှုန်းဝေါဟာရများ၊ ငွေတန်ဖိုးပမာဏများမှာ လက်ရှိခေတ်အချိန်ကာလ စီမံခန့်ခွဲမှုနည်းစနစ်များနှင့် ကိုက်ညီခြင်းမရှိတော့ပါသဖြင့် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ပါကြောင်း၊ အဓိကပြင်ဆင်သင့်သည့် ပြဋ္ဌာန်းချက်များကို ကောက်နုတ်တင်ပြလိုပါကြောင်း။

၎င်းတို့မှာ PWA Code အခန်း(၂)အပိုဒ် ၁၀ပါ Agency Transaction ကို ခေတ်ကာလနှင့်လျော်ညီအောင်ပြင်ဆင်ရန်၊ ငွေစာရင်းမင်းကြီးမှာ ခန့်ထားဆောင်ရွက်မှုမရှိတော့ခြင်း၊ ငွေစာရင်းမင်းကြီး၏လက်အောက်ခံတိုင်းစာရင်းကိုင်များဖြင့် မဆောင်ရွက်တော့ဘဲ သက်ဆိုင်ရာဌာနအကြီးအကဲများ၏ကြီးကြပ်မှုဖြင့် ငွေစာရင်းဝန်ထမ်းများ အဆင့်ဆင့်သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် PWD Code နှင့် PWA Code ပါ ငွေစာရင်းမင်းကြီး/ငွေစာရင်းမင်းကြီးလက်အောက်ခံတိုင်းစာရင်းကိုင်တို့နှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို လိုအပ်သလို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း များပြုလုပ်ရန်၊ ငွေတိုက်များမရှိတော့သဖြင့် ငွေတိုက်များနှင့် စာရင်းရှင်းလင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လက်ရှိကျင့်သုံးနေသော ဘဏ်စနစ်နှင့်အညီ ဆီလျော်အောင်ပြင်ဆင်ရန်၊ လက်ရှိအသုံးပြုခြင်းမရှိတော့သည့် PWA Code အခန်း (၁၂)ပါ London Stores နှင့် သက်ဆိုင်သည့် အပိုဒ် ၄၁၆ မှ ၄၂၄ အထိကို ပယ်ဖျက်ရန်၊ PWD Code အခန်း(၃) Public Buildings ပါ အစိုးရပိုင်အဆောက်အအုံများ စီမံအုပ်ချုပ်ခြင်း၊ ပရိဘောဂထုတ်ပေးခြင်း၊ အဆောက်အအုံများလွှဲပြောင်းပေးခြင်း၊ အငှားချထားခြင်း၊ ငှားရမ်းခနှုန်းသတ်မှတ်ခြင်း၊ အခွန်အခပေးဆောင်ခြင်းတို့နှင့်စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့်လျော်ညီအောင်ပြင်ဆင်ရန်၊ PWA Code အခန်း(၁၅)ပါ Takavi Works နှင့် သက်ဆိုင်သည့် အပိုဒ် ၄၇၅ မှ ၄၈၀ ပါရှိသော ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့်လျော်ညီအောင်ပြင်ဆင်ရန်၊ PWD Code အခန်း(၂) Contract and Agreements ပါ ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ PWD Code အတွဲ(၁) အပိုဒ် ၄၂၂၊ ၄၄၇၊ ၄၆၁ ပြဋ္ဌာန်းချက်များပါ ဗြိတိသျှကိုလိုနီ အိန္ဒိယအစိုးရနှင့်သက်ဆိုင်သော ဖော်ပြချက်များကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်တို့ဖြစ်ပါကြောင်း။

ပြည်သူ့လုပ်ငန်းဌာန ကိုဓဥပဒေနှင့် ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဓဥပဒေတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြဋ္ဌာန်းစာအုပ်အသစ်များ ပြန်လည်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်၍ အဆိုကိုထောက်ခံပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးမျိုးမြင့်၏အဆိုကို အတည်ပြုရန် အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်ကအဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက **အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အား နိုင်ငံတော်အစိုးရအဖွဲ့စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားရှိမှုကို ပြန်လည်ပြင်ဆင်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆို၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **၁၉၆၃ ခုနှစ်မှစ၍ ပြည်ထောင်စု၏ တစ်စုတစ်ပေါင်းတည်းသော ငွေစာရင်းသို့ လူမှုဖူလုံရေးရန်ပုံငွေကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ပေးသွင်းခဲ့ရ၍ ယင်းထည့်ဝင်ငွေမှ ကျန်ငွေများကို လူမှုဖူလုံရေးအဖွဲ့သို့ ပြန်လည်ပေးအပ်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆိုနှင့် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက **နှစ်ပေါင်း (၅၀)ကျော်မှစ၍ နိုင်ငံတော်သို့စုငွေအဖြစ်နှစ်စဉ်ပေးသွင်းခဲ့ကြရသော ချွေတာငွေ(ခေါ်)စုဆောင်းငွေ (ခေါ်)သွင်းအားစုအပ်ငွေများသည် သက်ဆိုင်သူတို့၏ ကိုယ်ပိုင်ငွေများဖြစ်နေပါသဖြင့် သက်ဆိုင်သူ တောင်သူလယ်သမားများထံသို့ ပြန်လည်ထုတ်ပေးပါရန်နှင့် ယင်းစုငွေစနစ်ဖြစ်သော စိုက်ပျိုးရေးဘဏ် ဥပဒေပုဒ်မ ၅/၁၉၅၃ ကို ဖျက်သိမ်းပေးပြီး တောင်သူလယ်သမားများ၏ဆန္ဒအရသာ စုဆောင်းစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်း** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆို(၃)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်းသိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို မတ်လ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား IPU မှ ဧည့်သည်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ



နေပြည်တော် မတ် ၆

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ဂျီနီဗာမြို့အခြေစိုက် Inter- Parliamentary Union (IPU) မှ Secretary General Mr. Anders B. Johsson ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဒေသတွင်း ဆက်သွယ်မှုဆောင်ရွက်သည့် ကုမ္ပဏီတို့ညှိနှိုင်း၍ မိုဘိုင်းတယ်လီဖုန်းများရောင်းချမည့်အစီအစဉ် ထုတ်ပြန်ကြေညာခြင်း

စီမံကိန်းအရ တိုးချဲ့တပ်ဆင်သည့် မိုဘိုင်းဖုန်းများအား အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားရန် စီစဉ်ဆောင်ရွက်ထားပါသည်-

* ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်နယ်များအားလုံး၌ GSM မိုဘိုင်းဖုန်းများ စတင်ရောင်းချပါမည်။
* ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် နေပြည်တော်နှင့် တိုင်းဒေသကြီး(၇)ခု ၌ (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့မှအပ) GSM မိုဘိုင်းဖုန်းများ စတင်ရောင်းချပါမည်။
* ၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့များ၌ GSM မိုဘိုင်းဖုန်းများ စတင်ရောင်းချပါမည်။
* ၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့မှအပ) WCDMA မိုဘိုင်းဖုန်းများ စတင်ရောင်းချပေးမည်ဖြစ်ပါသည်။
* ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့တို့၌ WCDMA မိုဘိုင်းဖုန်းများ စတင်ရောင်းချပေးမည်ဖြစ်ပါသည်။
* CDMA 450 MHz နှင့် CDMA 800 MHz မိုဘိုင်းဖုန်းများမှာ တည်ဆောက်ထားသည့် လိုင်းအင်အား ပြည့်နေပြီးဖြစ်သဖြင့် လောလောဆယ်တွင် ရောင်းချပေးနိုင်ခြင်းမရှိသေးပါ။ ရောင်းချပေးနိုင်မည့်ကာလကို ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ပါသည်။
* ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်မှစ၍ ရောင်းချမည့် GSM Mobile ဖုန်းများသည် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့စည်ပင်သာယာ နယ်နိမိတ်များအတွင်းသို့ လောလောဆယ်တွင်ယူဆောင်၍ ဆက်သွယ်ပြောဆိုရရှိနိုင်ခြင်း မရှိသေးပါ။ ကျန်ရှိသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ GSM/ UMTS Station ရှိသည့်နေရာများတွင်မူ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် GSM/UMTS Network အား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ Transmission လမ်းကြောင်းများနှင့် Gateway များ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးမည့် ၂၀၁၂ ခုနှစ်၊ မေလပထမပတ်တွင် နေရာဒေသမရွေး ယူဆောင်ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါသည်။
* ရောင်းချရာတွင် ဒေသတွင်းရှိ အမှန်တကယ်သုံးစွဲလိုသော ဒေသခံပြည်သူများ လက်ဝယ်သို့ ရောက်ရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဆက်သွယ်ရေး မန်နေဂျာများနှင့် ၎င်းဒေသတွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

တောင်ပိုင်းဒေသများ မိုးရွာနိုင်

နေပြည်တော် မတ် ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီ ဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကယားပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားနေ့အပူချိန်

နေပြည်တော် မတ် ၆

ထူးခြားသည့် နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြပြီး နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Bede Gilbert Corry နှင့် အာဆီယံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. David Taylor တို့ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် မြန်မာနှင့် နယူးဇီလန် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ရင်းနှီးချစ်ကြည်မှု ပိုမိုတိုးတက်ခိုင်မာလာစေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဦးက **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်း** ကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက **မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်း**ကို လည်းကောင်း တင်သွင်းကြသည်။

ယင်းဥပဒေကြမ်း(၂)ခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဝင်များ ဖြစ်ကြသည့် ဦးအောင်မြသန်းနှင့် ဦးခင်မောင်ရွှေတို့က ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏“အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ”ကို တိတိကျကျဖော်ပြ၍ မတ်လ ၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်းသိရသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုတင်သွင်းပြီး ဥပဒေကြမ်းပါ နိဒါန်း၊ အခန်း(၁၊ ၂၊ ၃၊ ၄၊ ၅)ပါ အပိုဒ်၊ အပိုဒ်ခွဲ၊ အပိုဒ်ခွဲငယ်တို့သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ထားသည့်အတိုင်း ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေးဒသမနေ့ကို မတ်လ ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ဒိန်းမတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဒိန်းမတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးမြင့်နောင်အား နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု (၁၂၁)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မတ် ၆

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် (အဖွဲ့ဝင် အမှတ်-၀၀၂၇)၊ သုခမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန်(ပထမဆင့်)ဆုရှင်**(ယာပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ် ၁ ရက်တွင် (၁၂၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးအလေးထား နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်း တက်လှမ်းနိုင်ရေး ကြိုးပမ်း

အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၇)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ အမျိုးသားပညာရေး ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူတက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမ သင်တန်းသားသင်တန်းသူ ၅၀၀ တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအေးကြူက အမှာစကားပြောကြားရာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အဆင့်မြင့်ပညာများကို မိမိဒေသအတွင်းမှာပင် သင်ယူနိုင်အောင် တက္ကသိုလ်၊ ကောလိပ်များ ရှိနေပြီဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်း မြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်မှုနှုန်း မြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

အပြန်အလှန်ဆက်သွယ်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာအောင် ကျောင်းသား ကျောင်းသူများကို လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ သုတေသနနယ်ပယ်တွင်လည်း နိုင်ငံတကာ၌ ယခင်က R & D (Research and Development) ဆိုသည့် အယူအဆမှ R & BD (Research and Business Development)ဆိုသော အယူအဆသို့ ပြောင်းလဲလာသည်နှင့်အညီ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်မြေအသီးသီး၊ ကဏ္ဍအသီးသီး၌ သုတေသနလုပ်ငန်းများကို ဒေသရှိ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆက်သွယ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အနာဂတ်တွင် လူငယ်များအားလုံး အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်အကျိုးအမြတ်အတွက် အာမခံချက်အရှိဆုံး၊ အဖိုးတန်ဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု ခံယူဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး မျှော်လင့်တောင့်တသည့် စွမ်းရည်မြင့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်အောင် အလေးအနက်ထား ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် ပညာခေတ်၏ ပြောင်းလဲနေသည့် အခြေအနေများကို ပြည့်ပြည့်စုံစုံသိမြင်ပြီး ကိုယ်တိုင် လိုက်ပါပြောင်းလဲနိုင်မှသာ အာဆီယံဒေသအတွင်း၊ အာရှဒေသအတွင်း ဝင်ဆံ့ရှင်သန်နိုင်မည့် ပညာရှင်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ယနေ့သိရှိထားသည့်ပညာသည် မနက်ဖြန်ခေတ်နောက်ကျသွားနိုင်သည်ကို အထူးသတိပြုစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ အနာဂတ်စီးပွားရေးအလားအလာကို Natural Resource Based Economy မှ Knowledge Based Economy အဖြစ်ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ် ကြွယ်ဝသည့် မိမိတို့နိုင်ငံအနေဖြင့် သဘာဝသယံဇာတ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာများနှင့် စနစ်တကျပေါင်းစပ်နိုင်ပါက ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် လျင်မြန်စွာ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပညာဆက်လက်သင်ယူလိုသော၊ အရည်အသွေးဖြည့်ဆည်းလိုသောသူများအတွက် ပညာရပ်သင်တန်းများနှင့် ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးသင်တန်းများကို Non-formal Education အစီအစဉ်ဖြင့် တက္ကသိုလ်ဝန်းကျင် ပြည်သူလူထုအတွက် ပညာဗဟုသုတဖြည့်ဆည်းနိုင်ရန်အလို့ငှာ ၁၉၉၈ ခုနှစ်မှစတင်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အမျိုးသားဗဟိုဌာနကို တည်ထောင်ခဲ့ပြီး ဖြစ်ပါကြောင်း။

မှာကြား

သင်ယူမှုအခွင့်အလမ်း မြှင့်တင်ရေးကဲ့သို့ အရည်အသွေးမြှင့်တင်ရေးကိုလည်း အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ခုစလုံးတွင် ခိုင်မာအောင် ပြုလုပ်ပေးရန်လိုအပ်ပါကြောင်း၊ နည်းပညာနှင့် ဆန်းသစ်သည့်ပညာရပ် ဖော်ထုတ်ရေးဌာနများ တည်ထောင်ခြင်းအားဖြင့် စက်မှုလုပ်ငန်းများတွင် နည်းပညာသစ်များ ပေါ်ထွက်စေနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းကိုဦးတည်သော စွမ်းဆောင်ရည်များကို ထောက်ပံ့ခြင်းဖြင့် ကွာဟချက်ကို ကျဉ်းမြောင်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ထံ ပညာရေးဆိုင်ရာ လမ်းညွှန်မှာကြားမှုများကိုလည်း အလေးအနက် နာယူမှတ်သားပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကောင်အထည်ဖော်ပေးကြရမည် ဖြစ်ကြောင်း၊ R & BD (Research and Business Development)သည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသဖြင့် မိမိတို့နယ်မြေဒေသအလိုက် နိုင်ငံတော်အတွက် အသုံးဝင်သည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ခုနှစ်၊တပေါင်းလပြည့်နေ့
(ဥပုသ်နေ့)
၇-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏာမေတ္တာပို့ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၈း၁၀	ဓမ္မပူဇာတေး
၈း၃၀	(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News
၈း၄၅	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

ညပိုင်း

၄း၂၀	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတွဲဖက် ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၆း၀၀	ညနေခင်းသတင်း
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၀	ရွှေရင်ခုန်သံ
၆း၅၅	**ဒီမိုမွေးနေ့** (ဒါရိုက်တာ- အကယ်ဒမီဇော်မြင့်ဦး)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ် နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၃၇) သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် စီးရန်ရှိစွယ်

7-3 (04).pmd 1 3/7/2012, 2:58 AM

မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်) ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မတ် ၄ ရက် နံနက် ၉ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန (ကွင်းဆင်းအခြေစိုက်စခန်း၊ ရန်ကုန်)သို့သွားရောက်ပြီး သေလဗေဒ ဓာတ်ခွဲခန်း၌ သတ္တုနမူနာများအား အဆင့်ဆင့်ဓာတ်ခွဲစမ်းသပ်နေမှုများကိုလည်းကောင်း၊ သေလဗေဒသတ္တုနမူနာ ဓာတ်ခွဲစမ်းသပ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၌ မြန်မာ့ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပ

နေပြည်တော် မတ် ၆

ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဆဋ္ဌမအကြိမ် ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

အဆိုပါ ဩဝါဒခံယူပွဲသို့ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒေသ့ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် ဘဒ္ဒန္တခေမိန္ဒသာမိတို့က ဩဝါဒကထာမိန့်ကြားတော်မူကြပြီး ဒေသ့ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးတိုက် သာသနာနုဂ္ဂဟကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဒေသ့ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ဩဝါဒခံယူပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံ လူငယ်လေ့လာရေးအဖွဲ့ မြန်မာ့ရိုးရာခြင်းလုံးအလှခတ် သရုပ်ပြမှုကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. ROBERT CHUA ဦးဆောင်သော စင်ကာပူသမ္မတနိုင်ငံ လူငယ်သံတမန် လေ့လာရေးအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့ရိုးရာခြင်းလုံး အလှခတ်သရုပ်ပြ ခတ်ကစားမှုကို ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်ခြင်းလုံးအားကစား မောင်/မယ်များက ဝိုင်းဖွဲ့ခတ်ကစားခြင်း၊ တစ်ဦးချင်းစွမ်းရည်ပြခြင်းနှင့် အလှခတ်ကစားခြင်း သရုပ်ပြသကြပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးထွန်းဝင်းတို့က အပြန်အလှန် အမှတ်တရပစ္စည်းများပေးအပ်ကြသည်။ **(ဝဲပုံ)**ဆက်လက်၍ လေ့လာရေးကျောင်းသားများအား အမှတ်တရခြင်းလုံးများ ပေးအပ်ခဲ့ပြီးနောက် သံအမတ်ကြီးနှင့် လေ့လာရေးလူငယ်များက မြန်မာ့ရိုးရာခြင်းလုံးကို တပျော်တပါးပါဝင်ခတ်ကစားကြသည်။

စင်ကာပူသမ္မတနိုင်ငံ လူငယ်သံတမန်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံရှိ စေတီပုထိုးများ၊ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် ရိုးရာအားကစားနည်းများကို လေ့လာကြရန် ရောက်ရှိလာကြခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှု ခင်း သ တင်း

ရွှေဆွဲကြိုးသုံးကုံး ဝယ်ဟန်ဆောင်သူ ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေးမှု မိုးညှင်းမြို့နယ်၌ ဖြစ်ပွား

မိုးညှင်း မတ် ၆

ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါတောင်ရပ်ကွက် ဦးအောင်မြင့်-ဒေါ်တင်မြင့် အာမခံရွှေရတနာဆိုင်သို့ ရွှေဆွဲကြိုး ဝယ်ဟန်ဆောင်သော အသက် ၃၅ နှစ်ခန့်အရွယ် အမျိုးသားတစ်ယောက် ရောက်လာပြီး သံကြိုးဆက်ရွှေဆွဲကြိုး သုံးကုံးဝယ်မည်ပြောသဖြင့် ဆိုင်ရှင်က အလေးချိန်နှစ်ကျပ်သားရှိ သံကြိုးဆက် ရွှေဆွဲကြိုး သုံးကုံးပြသရာ လက်ထဲရွှေဆွဲကြိုးရောက်သည်နှင့်တစ်ပြိုင်တည်း ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးမှုဖြစ်ရပ်တစ်ခု မတ် ၃ ရက် ညနေ ၃ နာရီက ဖြစ်ပွားသည်။

မှန်ကောင်တာအပေါ် ကျန်ခဲ့သည့် အဆိုပါလူရွယ်၏ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ရာ ငွေအစစ်များမပါဘဲ ဂျပ်စက္ကူများကို ညှပ်ထားပြီး သားရေကွင်းဖြင့် စည်းထားသော ငွေအတုအိတ် ဖြစ်နေသည်ကို တွေ့ရသည်။ အဆိုပါအမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဇ္ဇ)

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၆-၃-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

ဖိလစ်ပိုင်မြောက်ပိုင်းတွင် လျှပ်လှုပ်၊ ခြောက်ဦးဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဒေသရှိ မတ်စ်ဘက်မြို့တွင် မတ် ၆ ရက်နံနက်က အင်အား ၅ ဒသမ ၂ အဆင့်ရှိ လျှပ်လှုပ်ခတ်မှုကြောင့် ကလေးငယ်အများအပြား အပါအဝင် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဒဏ်ရာရသူများမှာ ခေါင်းနှင့်ခြေထောက်များတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဝေဒနာပြင်းထန်စွာခံစားခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ ညွှန်ကြားရေးမှူး ရာမိုက ပြောကြားခဲ့သည်။ အဆိုပါငလျင်သည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီ ၀၆ မိနစ်က မတ်စ်ဘတ်မြို့ကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်သည်။

ဂျာမနီ၌ အဘိုးအိုက ဆရာဝန်နှစ်ဦးကို ပစ်သတ်

ဂျာမနီနိုင်ငံအနောက်ပိုင်း ကိုင်ဆာဆလော့တန်မြို့တွင် မတ် ၅ ရက်က အသက် ၇၈ နှစ်အရွယ်ရှိ အမျိုးသားကြီးတစ်ဦးသည် မြို့အတွင်းရှိ အထူးကုဆေးခန်းအတွင်းသို့ ဝင်ရောက်၍ ပစ်ခတ်ခဲ့မှုကြောင့် ဆရာဝန်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း၊ ယင်းနောက် ၎င်းနှင့်ပတ်သက်သည့် ဆေးမှတ်တမ်းများကို ယူဆောင်သွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါပစ်ခတ်မှုသည် ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲက လူပေါင်း ၄၆၀၀ ကျော်နေထိုင်သည့် ဆင်ခြေဖုံး မြို့ငယ်တစ်မြို့အတွင်းရှိ အထူးကုဆေးခန်းတစ်ခုအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်သူသည် ဆေးခန်းအတွင်းရှိ အထူးကုဆရာဝန်နှစ်ဦးအား ထပ်တလဲလဲပစ်ခတ်ခဲ့သည်ဟု ဆိုသည်။ အဆိုပါဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ မရောက်မီ ပစ်ခတ်သူသည် ၎င်း၏နေအိမ်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် သူ၏နေအိမ်အား ဝိုင်းရံထားစဉ် နောက်ထပ်တစ်ကြိမ်ပစ်ခတ်ခဲ့သဖြင့် ရဲအရာရှိတစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းနောက် အထူးရဲတပ်ဖွဲ့သည် ၎င်း၏ နေအိမ်အား ဆက်လက်ဝန်းရံထားစဉ် နေအိမ်အတွင်း မိမိကိုယ်မိမိပစ်ခတ်ပြီး အဆုံးစီရင်သွားခဲ့သည့် အသက် ၇၈ နှစ်အရွယ်ရှိ အမျိုးသားကြီး၏ ရုပ်အလောင်းကို တွေ့ခဲ့ရကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ (အင်တာနက်)

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်၌ မိုင်းတွင်းပြိုကျ၊ နှစ်ဦးသေဆုံး

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် မတ် ၃ ရက်နှောင်းပိုင်းက တရားမဝင် ကျောက်မီးသွေး မိုင်းတွင်းတစ်တွင်း၌ ပြိုကျမှုဖြစ်ပွားပြီးနောက် နှစ်ဦးသေဆုံးပြီး အခြားတစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက မတ် ၄ ရက်တွင် ပြောကြားသည်။ ရီဒူမြို့ ရှောင်ကျင်စီကျေးရွာအနီး၌ တည်ရှိသည့် အဆိုပါ တရားမဝင်ကျောက်မီးသွေးမိုင်းတွင်းသည် ယင်းနေ့ဒေသစံတော်ချိန် ည ၁၀ နာရီခန့်က ပြိုကျခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်–စုစည်းသည်

အီရတ်၌ အကြမ်းဖက်ပစ်ခတ်မှု ရဲတပ်ဖွဲ့ဝင် ၂၆ ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၆

အီရတ်နိုင်ငံအနောက်ပိုင်း ဟာဒီသာမြို့တွင်းရှိ ရဲတပ်ဖွဲ့ပစ်မှတ်များကို အရှက်မတက်မီ သေနတ်သမားများက စီးနင်းဝင်ရောက်ပစ်ခတ်သည့်အတွက် အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ၂၆ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က မတ် ၅ ရက်တွင် ကြေညာသည်။

ပြန်ပေးဆွဲ

မတ် ၄ ရက် နံနက် ၂ နာရီမှ စတင်တိုက်ခိုက်ပြီး ထိပ်တန်းရဲအရာရှိနှစ်ဦးတို့ကိုလည်း ၎င်းတို့၏နေအိမ်မှ ပြန်ပေးဆွဲ ခေါ်ဆောင်သွားကြသည်။ ပြန်ပေးဆွဲခံရသူ ရဲအရာရှိနှစ်ဦး၏ အလောင်းများကိုသာ နောက်ပိုင်း၌ တွေ့ရှိရသည်ဟုဆိုသည်။

ပစ်ခတ်တိုက်ခိုက်

ယူနီဖောင်းဝတ်အချို့ ပါဝင်သည့် သေနတ်သမားများသည် မြို့တွင်းသို့ဝင်ရောက်ကာ ရဲစစ်ဆေးရေးဂိတ်များကို သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ စီးနင်းတိုက်ခိုက်ခြင်းမှာ အယ်လ်ခိုင်ဒါများ၏ လက်ချက်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ သေဆုံးသည့်ရဲတပ်ဖွဲ့ဝင် ၂၆ ဦးရှိပြီး သုံးဦးဒဏ်ရာရရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

ရေလွှမ်းခံရသဖြင့် ပိတ်ထားခဲ့သောဒွန်းမောင်းလေဆိပ် လေးလကျော်ကြာပြီးနောက် ပြန်လည်ဖွင့်လှစ်ပြီ

ဗန်ကောက် မတ် ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ပြီးခဲ့သည့်လများက ရေလွှမ်းမှုများဖြစ်ပွားခဲ့သဖြင့် ပိတ်ထားခဲ့ရသော ဒွန်းမောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကို မတ် ၅ ရက်က ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ထိုင်းအရာရှိများက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဒွန်းမောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရေလွှမ်းမှုကြောင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလ နှောင်းပိုင်းမှစတင်ကာ လေးလကျော်ကြာ ပိတ်ထားခဲ့ရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသည် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးရေလွှမ်းမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဒွန်းမောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဗန်ကောက်မြို့မြောက်ဘက်တွင် တည်ရှိပြီး ယခုနှစ်၌ ခရီးသည် ၁ ဒသမ ၄ သန်း ကိုလက်ခံကာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း လေဆိပ်ပြန်လည်ဖွင့်လှစ်သည့် အခမ်းအနား၌ ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာက ပြောကြားသည်။

၎င်းလေဆိပ်မှာ ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် လေယာဉ်ပြေးလမ်းနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃ သန်း ကုန်ကျခဲ့သည်။

(အောက်ပုံ)(အင်တာနက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

IPU ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ ဆုံ

နေပြည်တော် မတ် ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျီနီဗာမြို့အခြေစိုက် Inter-Parliamentary Union (IPU) ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင် ကော်မတီအဖွဲ့ဝင် Mr. Angel Alonso DIAZ - CANEJA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျီနီဗာမြို့အခြေစိုက် Inter-Parliamentary Union (IPU) ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင် Mr. Angel Alonso DIAZ - CANEJA အား နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဥပဒေအရ ကြိုတင်မဲပေးခွင့်ရှိသူမှအပ အခြားမဲဆန္ဒရှင်များ မဲရုံတွင်သာမဲပေးကြရန် တိုက်တွန်းနှိုးဆော်ခြင်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉ (ဆ) တို့အရ ရွေးကောက်ပွဲတွင် (ဥပဒေနှင့်အညီ)ကြိုတင်မဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူမှအပ ဆန္ဒမဲပေးမည့်(အခြား)သူများသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က)၊ ပုဒ်မ ၄၆နှင့် ၄၇ တို့အရ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ-

အုပ်စု(က) ၁။ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများ၊
၂။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
၃။ မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
၄။ မဲဆန္ဒနယ်ပြင်ပရောက် အချုပ်ခံနေရသူများ၊
၅။ မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံတက်ရောက်ကုသနေသူများ၊
၆။ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ(ရက်ပေါင်း ၁၈၀ ထက်မနည်း)
၇။ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒရှင်များ

မှတ်ချက်။ (၁) အုပ်စု(က)အမှတ်စဉ်(၆)မဲဆန္ဒနယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ ကျန်အမျိုးအစားအားလုံးသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုတင်မဲပေးရခြင်းဖြစ်ပါသည်။
(၂) အုပ်စု(က) အမှတ်စဉ်(၁)နှင့်(၆)တို့မှအပ ကျန်(၅)မျိုးသည် ပုံစံ(၁၅)ဖြင့် ကြိုတင်မဲ တောင်းခံကြရပါမည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ခ)နှင့်(ဂ)တို့ အရ မဲဆန္ဒနယ်အတွင်း၌ရှိသော်လည်း ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ-

အုပ်စု (ခ) ၁။ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိအမည်စာရင်းပါရှိရာ မဲဆန္ဒနယ်မှ ကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိခြင်း၊
၂။ အနာကြီးရောဂါ စွဲကပ်နေခြင်း၊
၃။ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊
၄။ အသက်အရွယ်ကြီးရင့်နေခြင်း၊
၅။ သားဖွားနေခြင်း၊
၆။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊
၇။ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေခြင်း၊
၈။ နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရခြင်း စသည်တို့ကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်မဲမပေးနိုင်ပါက ကြိုတင်မဲပေးခွင့် ရှိပါသည်။

မှတ်ချက်။ (၁) အုပ်စု(ခ)တွင် ပါဝင်သော အမျိုးအစားအားလုံးနှင့် အုပ်စု (က)မှ အမှတ်စဉ်(၆) အမျိုးအစားများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုတင်မဲပေးရပါမည်။
(၂) ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲတွင် ကြိုတင်မဲပေးရမည့် သူများသည် (၁၀-၃-၂၀၁၂) ရက်နေ့မှ (၁၁-၃-၂၀၁၂) ရက်နေ့အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ကြိုတင်မဲပေးရပါမည်။

ယင်းသို့ ကြိုတင်ဆန္ဒမဲပေးရန် ဥပဒေအရ ခွင့်ပြုထားသူများမှအပ အခြားမဲဆန္ဒရှင်များသည် ကြိုတင်မဲပေးခွင့်မရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့၌သာ မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကော့ကရိတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကော့ကရိတ် မတ် ၆

ကော့ကရိတ်မြို့နယ် နဘူးတံခွန်တိုင်ကျေးရွာအုပ်စု ဒဝယ်ဒန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း သာသနာ့ဗိမာန်တွင် မိုးပွင့်အဆင့်(၂)စီမံချက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်က ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းတို့သည် ဒေသခံ ရွာသူရွာသားများအားတွေ့ဆုံပြီး အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူများဘက်မှ ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူများ၏ မေးမြန်းချက်များကို ဖြေကြားပေးကာ ရွာသူရွာသား ၃၂၀ အား နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နမ့်ခမ်းမြို့နယ်တွင် စာဖတ်ပြိုင်ပွဲကျင်းပ

နမ့်ခမ်း မတ် ၆

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အမှတ်(၁၃)ရပ်ကွက်တွင် စာဖတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက် ညနေ ၄ နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်သွေးက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်၍ မျိုးဆက်သစ် ကျောင်းသားကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိစေရန်အတွက် သတင်းစာဖတ်ပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာဖတ်ပြိုင်ပွဲပြုလုပ်ပြီး အကောင်းဆုံးဖြေဆိုနိုင်သူ ကျောင်းသား ကျောင်းသူ ငါးဦးအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးတိုးလှ၊ မြို့နယ်ဦးစီးမှူးတို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တပေါင်းနွေလ-မြတ်စွာပူဇော်ပြန်

ရှင်တော်မြတ်စွာ စောဗုဒ္ဓါကား
ဘုရားဖြစ်ကာ ပထမဝါဆို
မိဂဒါဝုန် စုံမြိုင်တောမှာ
ပဝါရဏာမှု သေချာပြုကာ
ဥရုဝေလ တောမြိုင်လှတွင်
သုံးလကြာ၍ ရသေ့ညီနောင်
ရှင်တစ်ထောင်အား စွမ်းဆောင်ညွှန်ပြ
မဂဖိုလ်သား များစွာအပေါင်း
ထောင်သောင်းရဟန္တာ ဖြစ်စေရာသည်
ငါးလရှည်ကြာ တိုင်ပြီတည်း။

ဆောင်းခါလွန်မြောက် နွေဦးရောက်သော်
ကောက်နံ့သိမ်းဆည်း ခရီးလမ်းပန်း
ဖြောင့်တန်းသာယာ ရွက်ဝါကြွေကျ
ရွက်နုလှတို့ ဖူးကြပွင့်ကြ
သမယတွင် စင်ကြယ်ပျံ့သင်း
ဆင်းရန့်ထုံ ပန်းမျိုးစုံတို့
ရဂုံတောအနံ့ ဆွတ်သင်းပျံ့သည်
ရာသီနွေလ ချိန်ခါတည်း။

ဖွားဖက်ကာဠု ကတိပြုကာ
မဟာပြည့်ရှင် ဘုရင်သုဒ္ဓေါ်
ခမည်းတော်မိန့်မြွက် နှုတ်ထွက်စကား
အလေးထားကာ ဂါထာခြောက်ဆယ်
ဆန်းတကြယ်ကို သွယ်သွယ်ဖြာဖြာ
သီကျူးကာဖြင့် ဌာနီကပ္ပိ
မွေးရပ်ဆီသို့ နှစ်လီစက်ပန်း
ကိုယ်တော်လှမ်း၍ ကြွမြန်းရန်အမှု
ခါရတုကို ကာဠုဒါယီ
ပန်းနှယ်စီကာ သီကျူးလာသည်
ကဗျာဦးကာ မှုန်းခြယ်တည်း။

ရဟန္တာအပေါင်း နှစ်သောင်းရံကာ
မဟာသက္ကရာဇ် နှစ်တစ်ရာ့သုံး
နောက်ဆုံးကာလ ဒေသစာရီ
ကြွချီလာသော မြိုင်တစ်ကြောဝယ်
တောလည်းတစ်ထွေ ရေလည်းတစ်ဆန်း
ပန်းလည်းတစ်လီ စီရီပွင့်ကာ
ဘဂဝါသခင် သုံးလူ့ရှင်ကို
ကြည်ညိုဦးတိုက် ဖူးမြော်ခိုက်မှာ
သောင်းထိုက်တစ်ခွင် ကြည်လင်ရွှန်းစက်
လှအားရက်စွာ တောလုံးဖြာသည်
ကပ္ပိလာခရီး သာယာတည်း။
တပေါင်းနွေလ ပန်းချီတည်း။
ခမည်းတော်ဆန္ဒပြည့်ပြီတည်း။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

ဟင်္သာတမြို့တွင် ပေါက်ကွဲမှုဖြစ်ပွား၊ လူသူထိခိုက်ဒဏ်ရာရမှုမရှိ မသင်္ကာသူများတွေ့ရှိပါက သတင်းပေးပို့ရေး သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် မတ် ၆

မတ် ၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဟင်္သာတမြို့ တာငါးဆယ်တောင်ရပ်ကွက် ရွှေစေတီလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နောက်ဘက်ခြမ်းအဝင်လမ်း ကွန်ကရစ်မြောင်း အဖုံးကျောက်ပြားအောက်မှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ကွန်ကရစ်မြောင်းအဖုံးနှင့် အမိုးကျောက်ပြားလေးချပ် ပျက်စီးခဲ့ပြီး လူသူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ ပျက်စီးသွားသော ကျောက်ပြားများနှင့်အတူ စက်ဘီးဘောစွေ့လေးလုံးခန့်၊ ဆိုင်ကယ်ချိန်းဆက်တစ်ခုနှင့် တစ်လက်မခန့် သွပ်စခြောက်စတို့ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရှိရသည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ဟင်္သာတမြို့ လက်သမားရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုက်ကရိုဝေ့ဗ်စခန်း မိုဘိုင်းအဆောက်အအုံဝင်ပေါက်အဆင်းအတက် ရေမြောင်းအတွင်း၌ ကော်ဘူးအတွင်း ယမ်းများထည့်၍ ခေတ်ခဲနှစ်လုံးနှင့် အနီအနက်ဝိုင်ယာကြိုးစဖြင့်ပတ်ကာ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို တာဝန်သိ ပြည်သူတစ်ဦးက တွေ့ရှိသတင်းပေးပို့ခဲ့သဖြင့် လုံခြုံရေးတာဝန်ရှိသူများက ပြည်သူလူထု ထိခိုက်မှု မရှိစေရေး ဆောင်ရွက်ပေးခဲ့ရကြောင်း သိရှိရသည်။

ဖြစ်စဉ်များနှင့် ပတ်သက်၍ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လုံခြုံရေးတာဝန်ရှိသူများက စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ အနေဖြင့်လည်း လုံခြုံရေးသတိဖြင့် နေထိုင်ကြရေး၊ မသင်္ကာသူများနှင့် မသင်္ကာဖွယ်ရာများတွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပေးပို့စေရေး တိုက်တွန်း သတိပေးနှိုးဆော်ထားကြောင်း ကနဦးသတင်းများအရ သိရှိရသည်။ **(သတင်းစဉ်)**

အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း မြောက်ဥက္ကလာပမြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းဘက်စုံဖွံ့ဖြိုးရေး အလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ၊ ဘာသာရပ်သင်ထူးချွန်ဆရာမများ၊ ခွင့်ရက်မပျက်ဆရာမများနှင့် ပညာရည်ချွန်ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ တတိယတန်းမှ ဒုတိယဆုရရှိသူ မောင်မင်းမော်ခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

တပ်ကုန်းမြို့နယ် ရေအေးညောင်တုံးအိုင်ကျေးရွာ၌ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုး

နေပြည်တော် မတ် ၆

နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးညောင်တုံးအိုင်ကျေးရွာ၌ ပုလဲသွယ်စပ်မျိုးစပါး ၁၁၀ ဧကစိုက်ခင်း GAP စနစ်ဖြင့် စိုက်ပျိုးနေခြင်းလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၂၉ ရက်တွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ သွားရောက်၍ လယ်သမားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။ **(အပေါ်ယာပုံ)**



တက်ရောက်လေ့လာ

အဆိုပါစိုက်ပျိုးခြင်းအခမ်းအနားကို တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဆွေဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စပါးစိုက်လယ်သမားများ တက်ရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တွင် အေးသာယာစက်မှုမြို့ရှိပြီး ထိုဒေသတွင် နည်းပညာကောလိပ်ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်သဖြင့် ဒေသတွင်း စက်မှုနှင့် နည်းပညာစွမ်းအား ထွန်းကားလာမည် ဖြစ်သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တည်ထောင်ဖွင့်လှစ်ပေးထားသော တောင်ကြီးတက္ကသိုလ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင့်မြင့်ပညာများကို အိုးမကွာအိမ်မကွာ သင်ယူလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်များအနေဖြင့် သိပ္ပံနှင့် နည်းပညာများကို ယခင်က မန္တလေးမြို့သို့ သွားရောက်သင်ယူဆည်းပူးကြရသော်လည်း ယခုအခါ တောင်ကြီးမြို့တွင် နည်းပညာတက္ကသိုလ်(တောင်ကြီး)ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်သဖြင့် မိမိတို့ဒေသမှာပင် လက်လှမ်းတမီ ပညာဆည်းပူးခွင့်ရနေပြီ ဖြစ်သည်။

*** ရှမ်းပြည်နယ်သည် ကျယ်ဝန်းသော ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်၏ အကျယ်အဝန်းအရ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် နိုင်ငံတော်က တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဟူ၍ ဖွံ့ဖြိုးရေးဒေသကြီးလေးခု သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ အဆိုပါ ဒေသများတွင် တက္ကသိုလ်တစ်ခုစီ၊ နည်းပညာတက္ကသိုလ်တစ်ခုစီ၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ထူထောင်ပေးခဲ့သည်။**

*** ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီးမြို့နယ်နှင့် ပင်လုံမြို့ ပါဝင်ပြီး ထိုဒေသနှစ်ခု၌ ကွန်ပျူတာ၊ နည်းပညာနှင့် ဝိဇ္ဇာသိပ္ပံကျောင်း တစ်ကျောင်းစီ တည်ဆောက်ဖွင့်လှစ်ပေးထားသဖြင့် အသိပညာ၊ အတတ်ပညာ တတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ပြည်နယ်အတွင်း တိုးပွားလာသည်။**

အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားသော ပင်လုံမြို့တွင် ဒေသခံတိုင်းရင်းသားလူငယ်များ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ ဆည်းပူးနိုင်အောင် ပင်လုံတက္ကသိုလ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

သတင်းမှတ်စု
မောင်ငြိမ်းအေး

7-3 (07).pmd 1 3/7/2012, 2:58 AM

❒ *ကျောဖုံးမှ*

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က စာမေးပွဲဦးတည်လေ့ကျင့်မှုများမှ အရည်အသွေးရှိသည့် နိုင်ငံသားများဖြစ်လာနိုင်ရန် လေ့ကျင့်ရေး၊ လက်ရှိခေတ်စနစ်နှင့်ကိုက်ညီပြီး လက်တွေ့ကျသည့် သင်ကြားမှုစနစ်ပါဝင်ရေး၊ ကလေးဗဟိုပြုသင်ကြားနည်းစနစ်ကို အမှန်တကယ် သင်ကြားနိုင်မည့်ဆရာများ လေ့ကျင့်မွေးထုတ်ရေးတို့ကို ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က သင်ကြားရေးအပိုင်းနှင့် ဆရာ၊ ဆရာမများ၏အပိုင်းကို ဆွေးနွေးလိုကြောင်း၊ သင်ကြားရေးအပိုင်းတွင် ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းစနစ်ကို အမှန်တကယ်သင်ကြားပေးဖို့လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများက ကလေးများကို စာပေသင်ကြားပေးသည်သာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ၎င်းတို့စိတ်ပါဝင်စားသည့် အားကစားတစ်ခုခုကို လိုက်စားလေ့ကျင့်ရေးတို့အတွက် လက်တွေ့ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် ပညာရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် နောင်လာမည့် မျိုးဆက်သစ်ကလေးများကို မှန်ကန်သည့် အသိပညာများ သင်ကြားပေးနေရခြင်းအား တန်ဖိုးထားသည့် စိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ လက်ရှိပညာရေးနှစ်(၃၀)စီမံကိန်း ရည်မှန်းချက်၌ ၂၀၀၅ ခုနှစ်တွင် မူလတန်းအဆင့်၊ ၂၀၁၅ ခုနှစ်တွင် အလယ်တန်းအဆင့်၊ ၂၀၃၀ ပြည့်နှစ်တွင် အထက်တန်းအဆင့် ပညာအရည်အချင်းမျိုး နိုင်ငံသားတိုင်းတတ်သိစေရန် ရည်မှန်းထားပါကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူငယ်လူရွယ်များအဖြစ် အခြေခံပညာကျောင်းများမှ စတင်ပြုစုပျိုးထောင်ရေး၊ မှန်ကန်သောယုံကြည်ချက်နှင့် အသိအတွေး မွေးမြူပေးနိုင်မည့် ပညာရေး ပြုပြင်ပြောင်းလဲမြှင့်တင်ရေးတို့ကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်က မြန်မာနိုင်ငံတွင် အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းရေးဆွဲရာတွင် အခြေခံပညာအခန်းကဏ္ဍ ပါရှိသကဲ့သို့ အဆင့်မြင့်ပညာအခန်းကဏ္ဍလည်း ပါရှိပါကြောင်း၊ ထို့ပြင် မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့စသည်တို့၏ လုပ်ငန်းရပ်များလည်းပါရှိပါကြောင်း၊ စီမံကိန်းအရ မြန်မာ့သင်ရိုးညွှန်းတမ်းကို ကမ္ဘာ့အဆင့်မီစေရန်နှင့် အာဆီယံအဆင့်နှင့်တူညီစေရန် ရေးဆွဲထားလျက်ရှိကြောင်း၊ ယခု သင်ရိုးညွှန်းတမ်းနှင့် မာတိကာများရေးဆွဲရာတွင် စီမံကိန်းနှင့်အညီ ကမ္ဘာ့အဆင့်လည်းမီ မြန်မာ့ပညာရေးစနစ်နှင့်လည်း ကိုက်ညီပြီး ကျောင်းသား၊ ကျောင်းသူများအတွက်လည်း လက်တွေ့ကျကျ အသုံးပြုရန် အကြံပြုလိုပါကြောင်း၊ လုပ်ငန်းစဉ်များကို စိတ်ပါဝင်စားစွာဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ကြမည်ဆိုလျှင် ဆရာ၊ ဆရာမများ အမှန်တကယ် အရည်အသွေး မြင့်မားလာမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်သည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ပညာရေးဝန်ထမ်းများ၊ အခြေခံအဆင့်နှင့် အဆင့်မြင့်အဆင့်တို့မှ ဆရာ၊ ဆရာမများ ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဤသို့ဖြစ်ရန် လက်တွေ့လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသများတွင် မူလတန်းဆရာ၊ ဆရာမများ အင်အားနည်းနေသည့်အပြင် ကျောင်းသား၊ ကျောင်းသူများအား အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးနိုင်ခြင်း မရှိသည်ကို တွေ့ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသကျောင်းများသို့ မည်သို့ပံ့ပိုးပေးရေးနည်းလမ်းကို ရှာဖွေရန်လိုအပ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျူရှင်ကိုအားမကိုးဘဲ ကျောင်း၌ပင် သင်ခန်းစာအပြည့် သင်ကြားပေးရန် ကျောင်းမှစီစဉ်ပေးသင့်ကြောင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးနေသည့် ပညာရေးစနစ်ကိုလေ့လာပြီး ပြုပြင်ပြောင်းလဲပေးရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပညာရည်အဆင့်အတန်း မြင့်မားရေးအတွက် ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများ ဖွင့်လှစ်ပေးပြီး သင်တန်းဆင်းများကို လုပ်ငန်းခွင်နေရာချထားပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအဆင့်အလိုက် ဆရာ၊ ဆရာမများအား သင်ကြားမှုစွမ်းရည် မြင့်မားရေးသင်တန်းများကို တက်ရောက်စေ၍ ပညာရှင်အဆင့် တိုးမြှင့်သတ်မှတ်ပေးလျက်ရှိပါကြောင်း၊ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေးအတွက် နွေရာသီတွင် ကျောင်းအုပ်ချုပ်မှုသင်တန်း၊ ဘာသာရပ်မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။

သင်ကြားသင်ယူမှု ပတ်ဝန်းကျင် ပြည့်စုံကောင်းမွန်ရေးအတွက် အခြေခံပညာကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်းများအား ပြုပြင်မွမ်းမံပေးခြင်း၊ အသစ်ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း (၅၇)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၈၀)၊ အခြေခံပညာအလယ်တန်းကျောင်း (၇၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၁၈၇)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၇၆) ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၃၆)ကျောင်းတို့ကို အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကျောင်းဆောင်သစ်များ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်ကျပ်(၁၇၅၁၃ ဒသမ ၃၂၅) သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်(၂၅၂၀၂ ဒသမ ၈၆၆)သန်းကို သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ မိဘပြည်သူများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပရိဘောဂနှင့် ကျောင်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သိပ္ပံပစ္စည်းများ၊ ဓာတ်ဆေးများ၊ သင်ထောက်ကူပစ္စည်းများ၊ မီဒီယာသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု (Child-centered Approach-CCA) ပုံစံသို့ မြှင့်တင်သင်ကြားပေးနိုင်ရေးအတွက် ယူနီဆက်အဖွဲ့နှင့် ပူးပေါင်းပြီး ကလေးပျော်ကျောင်း (Child Friendly School-CFS) စီမံချက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ JICA အဖွဲ့နှင့် ပူးပေါင်း၍ CCA စီမံချက်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် စုစုပေါင်း မြို့နယ်(၆၀)၌ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် (၉၃)မြို့နယ်၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် (၈၉)မြို့နယ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် (၇၃)မြို့နယ်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် (၆၄)မြို့နယ်နှင့် အားနည်းသည့် မြို့နယ်(၃၀) အပါအဝင် စုစုပေါင်း (၉၄)မြို့နယ်တို့တွင် လေ့ကျင့်သင်တန်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ်အားလုံး(၃၃၀)မြို့နယ်မှ မူလတန်းသင် ဆရာ၊ ဆရာမအားလုံးက မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံ (CCA) ဖြင့် လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း။

စာသင်ခန်းတစ်ခန်းလျှင် ဆရာတစ်ဦးနှုန်း ခန့်ထားပေးနိုင်ရန်မှာ မူလတန်းအဆင့်တွင် အတန်း(၅)တန်းရှိသဖြင့် အနည်းဆုံး မူလတန်းကျောင်းသားဦးရေ (၁၄၀)ဦးနှင့်အထက်ရှိမှသာ ဖြစ်နိုင်ပါကြောင်း၊ ကျောင်းသားဦးရေ (၁၄၀) အောက်ရှိသော မူလတန်းကျောင်းဦးရေမှာ (၂၀၀၀၀)ခန့်ရှိသဖြင့် အဆိုပါကျောင်းများအတွက် ဆရာအနည်းဆုံး (၃)ဦး နှုန်းဖြင့် ဆရာဦးရေ (၆၀၀၀၀) ခန့် ထပ်မံခန့်ထားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကျောင်းသားဦးရေနည်းပါးသည့် မူလတန်းကျောင်းများတွင် အတန်းတွဲသင်ကြားမှု (Multi-grade Teaching)ပုံစံဖြင့် သင်ကြားနေရဆဲဖြစ်သော်လည်း CCA နည်းဖြင့် သင်ကြားပေးနိုင်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တတ်မြောက်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဘွဲ့/ဒီပလိုမာ သင်တန်းကျောင်းမှ သင်တန်းဆင်း (၁၂၈၂)ဦးအား အလယ်တန်းပြများအဖြစ်လည်းကောင်း၊ သင်တန်းဆင်း (၇၁၆၄)ဦးအား မူလတန်းပြများအဖြစ်လည်းကောင်း စုစုပေါင်း (၈၄၄၆)ဦးကို ဖြည့်ဆည်းခန့်ထားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အမီ သင်တန်းဆင်း (၅၁၂)ဦးအား အလယ်တန်းပြအဖြစ်လည်းကောင်း၊ သင်တန်းဆင်း (၂၇၂၂)ဦးအား မူလတန်းပြအဖြစ်လည်းကောင်း စုစုပေါင်း (၃၂၃၄)ဦးအား ဆက်လက်ဖြည့်ဆည်းခန့်ထားပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားသင့်ပါကြောင်းတင်ပြသဖြင့် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်က **"ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုအား ဦးစားပေးဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို မတ် ၈ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အဆိုသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားခရီးသွားဧည့်သည်များဝင်ရောက်မှု တိုးတက်လာ

e-Visa စနစ် ပြောင်းလဲကျင့်သုံးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ၏ e-Visa စနစ် ပြောင်းလဲကျင့်သုံးလုပ်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ၏ e- Visa စနစ် ပြောင်းလဲကျင့်သုံး လုပ်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပွင့်လင်းမြင်သာလာသည့် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာမှုများကြောင့်လည်းကောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေရာများတွင် မြန်မာနိုင်ငံသည် ခရီးသွားဧည့်သည်များအတွက် သွားလာလည်ပတ်ရန် အကောင်းဆုံးနေရာ တတိယအဆင့်နေရာ ရွေးချယ်သတ်မှတ်ခံရခြင်းများကြောင့်လည်းကောင်း၊ ယခုနှစ်၌ လေကြောင်းဖြင့် ဧည့်သည်ရောက်ရှိမှု (နယ်စပ်မပါ) ၃ ဒသမ ၇ သိန်းခန့်ရှိပြီး ယခင်နှစ်များကထက် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှု သိသိသာသာ တိုးတက်လာသည်ကို တွေ့ရကြောင်း။

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လေဆိပ်နှင့် နယ်စပ်ဂိတ်များမှ နိုင်ငံခြားခရီးသွားဧည့်သည် (၁ ဒသမ ၅) သန်းခန့် ဝင်ရောက်လာနိုင်ရေး ရည်မှန်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားဧည့်သည်များ သတ်မှတ်ရည်မှန်းထားသည့်အတိုင်း ဝင်ရောက်လာနိုင်ရေးအတွက် ယခုဆောင်ရွက်နေသည့် On Arrival Visa စနစ်အား ပိုမိုမြန်ဆန် လွယ်ကူစေမည့် e- Visa စနစ်ကို ဖော်ဆောင်ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် e- Visa စနစ် ဖော်ဆောင်ကျင့်သုံးရာတွင် တွေ့ကြုံနိုင်သည့် အကျိုးနှင့်အပြစ်၊ အားသာချက်နှင့် အားနည်းချက်များ၊ လက်ရှိဆောင်ရွက်ထားရှိမှုများအပေါ် ပြင်ဆင်ဖြည့်စွက်လိုသည်များရှိက ဆွေးနွေးပေးရန် ဖြစ်ကြောင်း မှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် e- Visa စနစ် ဖော်ဆောင် ကျင့်သုံးနိုင်ရေးအတွက် နည်းပညာများကို တာဝန်ယူ ဆောင်ရွက်နေသည့် Myanmar East Net Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် e- Visa စနစ် ဖော်ဆောင်ကျင့်သုံးရာတွင် တွေ့ကြုံနိုင်သည်များကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒါးလက်ချောင်းတံတား ပြုပြင်ပြီးစီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီ

နေပြည်တော် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော ရခိုင်ပြည်နယ် ရန်ကုန်-စစ်တွေကားလမ်း အမ်း-စစ်တွေကားလမ်းအပိုင်းမှ အရှည် ပေ ၉၀၀ ရှည် ဒါးလက်ချောင်းတံတား၏ ရေလယ်တိုင်အမှတ်(၇)သည် ရေတိုက်စားပျက်စီးခဲ့သဖြင့် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၀)က အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြီးစီးခဲ့သဖြင့် ယခုအခါ တံတားကြီးပေါ်မှ ဒေသခံပြည်သူများ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒါးလက်ချောင်းတံတား ပြုပြင်ပြီးစီးသွားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဘဝအမောပြေ **အာကာဟိန်း-ရေးသားသည်**

မိုးလေဝသ

လန်ဒန်မြို့ရှိ မိုးလေဝသဌာနသို့ ယခုသီတင်းပတ်အတွင်း ရာသီဥတု ကောင်းမွန်မှု ရှိမရှိ အမျိုးသားတစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလေသည်။

အမျိုးသား ။ ။ မိုးလေဝသဌာနကလားခင်ဗျာ။

ဌာန ။ ။ ဟုတ်ပါတယ်။

အမျိုးသား ။ ။ ပင်လယ်ခရီးထွက်စရာရှိလို့ ရာသီဥတုအခြေအနေ ကောင်းမကောင်း သိချင်လို့ပါ။

ဌာန ။ ။ ဘယ်နေ့အတွက်လဲ. . . . တစ်ရက်အတွက်လား. . . . တစ်ပတ်အတွက်လား။

အမျိုးသား ။ ။ အခုသီတင်းပတ်အတွက်ပါ။

ဌာန ။ ။ ဩော်. . . . အခုသီတင်းပတ်အတွက် မိုးနှစ်ကြိမ်လောက်ပဲ ရွာမှာပါ။ ရာသီဥတုကောင်းပါတယ်။

အမျိုးသား ။ ။ ဟုတ်လား···· သတင်းကောင်းပါပဲ····ဒါထက် ဘယ်နေ့တွေမှာ မိုးရွာနိုင်မှာလဲခင်ဗျာ။

ဌာန ။ ။ ပထမအကြိမ် မိုးရွာမှာက သုံးရက်ဆက်တိုက်ဖြစ်ပြီး ဒုတိယအကြိမ် မိုးရွာမှာက လေးရက်ဆက်တိုက်ဖြစ်ပါတယ်။

အမျိုးသား ။ ။ "ဗျာ"

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၇) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဘဏ်များအသင်းသည် ဘဏ်လုပ်ငန်းကဏ္ဍဝန်ဆောင်မှုကို ပြည်သူအားလုံးအဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်သည်အထိ ရည်မှန်းချက်ထား

နေပြည်တော် မတ် ၆

ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်အတွက် Retail Banking Business ဖြစ်သော Hire Purchase ဝန်ဆောင်မှုလုပ်ငန်းကို ခွင့်ပြုထားကြောင်း၊ မိမိတို့အပိုင်းမှ အစိုးရသစ်တက်လာပြီးသည့်အချိန် တစ်နှစ်တာ ကာလအတွင်း ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲသင့်သောအချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲ ဖြေလျှော့မှုပြုရာတွင် တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ Sequence ဖြစ်အောင် မိမိတို့ဘက်မှ ချိန်ဆဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဓိကလိုအပ်ချက်သည် လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် ရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်တင်းရေးကို အချိန်ယူ၍ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၁၃၇)ကြိမ်မြောက် အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိဘဏ္ဍာရေးနှစ် ကုန်ဆုံးတော့မည်ဖြစ်၍ နှစ်ချုပ်စာရင်းများ အချိန်မီရေးဆွဲနိုင်ရေး၊ ဆောင်ရွက်ခဲ့ပြီးသည့် လုပ်ငန်းအတွေ့အကြုံများအား ပြန်လည်သုံးသပ်နိုင်ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများ အချိန်မီတင်ပြနိုင်ရေး စသည်တို့ကို ယခင်နှစ်များနည်းတူ ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မိမိတို့ အမှန်တကယ်ဆောင်ရွက်နိုင်သည့်ဘဏ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ အဓိကဦးတည်ချက်သည် ငွေကြေးတည်ငြိမ်မှုနှင့် ငွေပေးချေမှုစနစ်များ လွယ်ကူအဆင်ပြေမှုတို့မှတစ်ဆင့် ပြည်သူလူထုတစ်ရပ်လုံး၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ ပိုမိုတိုးတက်ပြီး တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ကြောင်း။

အလားတူ Paper Money သုံးစွဲမှုလျှော့ချရေး၊ Electronic Money တိုးမြှင့်သုံးစွဲရေး၊ ငွေပေးချေမှု Payment System ဖွံ့ဖြိုးရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များအား ATM စက်များကို အများပြည်သူနှင့် သက်ဆိုင်သောနေရာ Public Area များတွင် ATM စက်များထားရှိပြီး ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားကြောင်း။

မြန်မာနိုင်ငံဘဏ်များအသင်းသည် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးစေရန်ကူညီရင်း ဘဏ်လုပ်ငန်းကဏ္ဍ၏ ဝန်ဆောင်မှုများကို ပြည်သူအားလုံးအဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်သည်အထိ ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် စဉ်ဆက်မပြတ် တိုးတက်မှုကို ရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့်လည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှတိုက်ဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ ညီလာခံ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်ခဲ့

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ ဂျန်ပူးမြို့၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိ အိန္ဒိယနိုင်ငံ ဂျန်ပူးမြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ညီလာခံနှင့် (၅)ကြိမ်မြောက် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ စာတမ်းဖတ်ပွဲတို့သို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံတွင် ၂၀၁၁-၂၀၁၅ ခုနှစ် မဟာဗျူဟာစီမံချက်ကိစ္စရပ်များ၊ ဥရောပဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ စာရင်းစစ်ချုပ်ရုံးများ အဖွဲ့ဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံများ၊ လိုက်နာကျင့်သုံးရေးကိစ္စရပ်များကို အဓိကထားဆွေးနွေးကြသည်။

စာရင်းစစ်ချုပ် ရုံးများသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးအတွက် အဓိကအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ သို့ဖြစ်၍ "စာရင်းစစ်ချုပ်ရုံးများသည် စစ်ဆေးခံအဖွဲ့အစည်းများနှင့် ပြင်ပမှစွက်ဖက်လွှမ်းမိုးမှုများ ကင်းစင်ပြီး စစ်ဆေးရေးအလုပ်များကို ဓမ္မဓိဋ္ဌာန်ကျစွာ၊ ထိရောက်အကျိုးရှိစွာနှင့် စွမ်းဆောင်ရည်မြင့်မားစွာ စစ်ဆေးဆောင်ရွက်၍ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာဖြင့် အစီရင်ခံရှင်းလင်းတင်ပြကြရန်" ဟူသည့် (၆၆)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံ၏ ဆုံးဖြတ်ချက်ကို စာရင်းစစ်ချုပ်ရုံးများအနေဖြင့် အလေးအနက်ထားကာ ဦးတည်ဆောင်ရွက်ကြရန် အဆိုပါညီလာခံတွင် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ၂၀၁၂-၂၀၁၅ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့ ခြောက်နေရာနှင့် စာရင်းစစ်ကော်မတီအဖွဲ့ နှစ်နေရာတို့ကို မဲထည့်၍ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ညီလာခံမစတင်မီကျင်းပသည့် အာဆီယံစာရင်းစစ်ချုပ်ရုံးများအဖွဲ့ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

ညီလာခံကာလအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဗီယက်နမ်နိုင်ငံစာရင်းစစ်ချုပ် Mr. Dinh Tien Dung နှင့်လည်းကောင်း၊ ရုရှားနိုင်ငံ စာရင်းစစ်ချုပ် Mr. Sergey Vadimovich Stepashin နှင့် လည်းကောင်း ရင်းနှီးစွာတွေ့ဆုံ၍ နှစ်နိုင်ငံအကြား စစ်ဆေးရေးလုပ်ငန်းအတွေ့အကြုံများဖလှယ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပရေး၊ အပြန်အလှန် အကူအညီပေးရေး၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့

ပန်းတောင်းသန်းကြွယ်

တပေါင်းသာခေါင်၊ လများနောင်ဝယ်
တောတောင်စုံပေါင်း၊ ညွန့်သစ်လောင်းသည်
နှာမောင်းခွေလည်း လှည့်လိမ့်မည်။

မင်းဇေယျရန္တမိတ်

တပေါင်းလသည် မြန်မာလတို့တွင် တစ်ဆယ့်နှစ်လမြောက်ဖြစ်သည်။

တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်၍ လ၏ ပထမ ၁၅ ရက်သည် ဆောင်းရာသီ၌ အကျုံးဝင်ပြီး ဒုတိယ ၁၅ ရက်သည် နွေရာသီ၌ အကျုံးဝင်သည်။ ဆောင်းအကုန်နွေအကူး ရွှင်မြူးဖွယ် သာယာလှပသော ရာသီဖြစ်သည်။

နေ့အခါတွင် အတော်အသင့်ပူလာသော်လည်း ညအခါ၌မူ ဆောင်းရာသီမကုန်တတ်သေး၍ မြောက်လေညင်းနှင့် ဆောင်းနှင်းကြွင်းတို့ ရှိနေဆဲဖြစ်သည်။ ရှေးလူကြီးတို့က "နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း" ဟု ဆိုခဲ့သည့်အတိုင်း ရာသီဥတုမှာ မပူလွန်းမအေးလွန်းဘဲ အလွန်နေလို့ ထိုင်လို့ကောင်းသောလရာသီဖြစ်သည်။

ခါနွေပြောင်းစ တပေါင်းလတွင် ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်ပန်းပင်အပေါင်းတို့မှာ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေကြသည်။ ဖူးစအသစ်မြပုရစ်တို့ဖြင့် စိမ်းလန်းစိုပြည်နေသည်။ ထက်ကောင်းကင် ဝေဟင်တစ်ခွင်၌လည်း "တပေါင်းလည်းကူး မိုးသားကြူး" ဟူသော စာဆိုနှင့်အညီ မိုးသားတိမ်လိပ်တို့ ဟိုမှသည်သို့ တရိပ်ရိပ်တရွေ့ရွေ့ ပြေးလွှားနေကြသည်။ တစ်ခါတစ်ရံ ရွာတော့မလို ပြိုတော့မယောင် တစ်ခဲနက်စုရုံးနေကြသော မိုးသားမိုးတိမ်များကြောင့် ရှစ်ခွင်တိုင်းမှာ မှိုင်းမှုန်လို့နေသည်။ စာဆိုတော်ကြီး ဦးကြင်ဥကလည်း-

"ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်။
သဇင်ကွင်းငယ်နှင့်၊ အင်ကြင်းသန္တာညွန့်ငယ်တို့
ဖူးကွန့်တိုက်စည်။
အမရာ ရွှေပိတုန်းငယ်တို့၊ ကြွေသုံးကြဝတ်ရည်၊
ညွတ်ကြည်ဖွဲ့ဖော်ကွဲ။
ယင်းသည့်နေ့တိုင်၊ ရသေ့သူတော်တိုင်မှ၊
ဉာဏ်မခိုင်ချာန်ယိုင်လျှောရတယ်။
ရာသီတွင် စာညီပြောပေပ။ ကျောာ၍သာမြဲ" ဟူ၍ လတပေါင်း၏ သာယာပုံကို စာပန်းချီခြယ်သခဲ့သည်။

တပေါင်းလတွင် မြစ်ချောင်းများ သောင်ထွန်းသဖြင့် ရှေးအခါက သဲပုံစေတီတည်သည့် ရာသီပွဲတော်ကျင်းပလေ့ရှိသည်။ ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့် ကြယ်မှာဘဒ်ပိုဒ်၊ လေးရက်ချိန်ကို၊ တိမ်ခြေ ဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလဲ၊ ဘာသာတောင်တင်၊ ပျော်မြူး သာရွှင်တော့တယ်၊ သဘင်လခါမီကို၊ သဲစေတီငွေသောင်ကမ်းက လွမ်းလှတယ်လေး" ဟု ရှေးစာဆိုတို့က စာဖွဲ့ခဲ့ကြသည်။

ဝေါဟာရဇ္ဇနတ္ထဒီပနီကျမ်းက တပေါင်းလကို ပူပန်ခြင်းကင်းသောလ၊ ပူပြင်းသော နွေရာသီသို့ ကျရောက်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မြန်မာလအမည်များ စာအုပ်တွင် "တ" သည်တန်း၊ ထန်းဖြစ်ပြီး "ပေါင်း" သည် ချက်ပြုတ်ခြင်း၊ ကျိုခြင်းဟု အဓိပ္ပာယ်ရသဖြင့် တပေါင်းဟူသည် ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်သောလ "ထန်းချက်လ"ဟု ဖွင့်ဆိုလေသည်။

ရှေးခေတ်ဘိုးဘွားဘီဘင်များ အဆက်ဆက်ကပင် တပေါင်းလ၏ ပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ထွန်းကားချိန်မှစ၍ ပေါ်ပေါက်ခဲ့ဟန်တူသည်။ ထိုပွဲတော်အကြောင်းကို အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသက ဗုဒ္ဓါပ္ပတ္တိပျို့တွင်-

"ငါးတန်ငါးကြင်း၊ ရွှေတစ်သင်းတို့
မြစ်တွင်းမြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့်
ရေကျေးရေငှက်၊ စက္ကဝါက်ဟသာ
ငှက်တကာလည်း၊ ဘာသာကျူးကြော်
မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်
သဲပုံစေတီ၊ ပွဲတော်ပြီတည်းဟူ၍" ရေးဖွဲ့ခဲ့သည်။

ထေရဝါဒ သာသနာအပဒန်ပါဠိတော်ပါရှိချက်အရ သဲပုံစေတီတည်ထားကိုးကွယ်ခြင်းအလေ့အထသည် ရှေးကမ္ဘာများစွာကပင်ရှိခဲ့သော ဘာသာယဉ်ကျေးမှုဖြစ်ဖွယ်ရှိသည်။ လွန်ခဲ့သော ကမ္ဘာတစ်သိန်းကာလက ဒေဝလအမည်ရှိသော ရသေ့တစ်ပါးသည် ဟိမဝန္တာတောင်တွင် နတ်တို့ဖန်ဆင်းအပ်သော ကျောင်းသခ်မ်း၌ သီတင်းသုံးနေတော်မူသည်။ အလုပ်အကျွေးတပည့်ထောင်သောင်းချီ၍ ရှိသည်။ အခါတစ်ပါး၌ ဒေဝလရသေ့ကြီးသည် မြစ်ကမ်းနံဘေးသဲသောင်ပြင်၌ သဲများကို စုပုံ၍ သဲပုံစေတီတည်ကာ ပန်းမျိုးစုံတို့ဖြင့် ပူဇော်လေသည်။ သဲပုံစေတီ၌ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးအာရုံနိမိတ်တို့ကို အာရုံပြု၍ ကြည်ညိုပူဇော်ကာ ကျောင်းသခ်မ်းသို့ ပြန်လာခဲ့သည်။ တပည့်များက သဲပုံစေတီတည်၍ ရှိခိုးပူဇော်ခြင်းအကြောင်းကို မေးမြန်းရာ ဆရာရသေ့ကြီးက "ရှေးဟောင်းကျမ်းများ၌ အခြံအရံများစွာရှိသော သဗ္ဗညုတရွှေဉာဏ်တော်သခင် ဘုရားရှင်ကို ညွှန်ပြထားသည်။ ထိုဘုရားရှင်ကို ရည်မှန်းပြီး သဲပုံစေတီကို ငါရှိခိုးပူဇော်သည်ဟူ၍ မိန့်ကြားလေသည်။ ဆရာရသေ့ကြီးက ဘုရားရှင်တို့၏ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်နှင့် အံ့သြဖွယ်ရာ ဂုဏ်ကျေးဇူးတော်များကိုပါ တပည့်များအား ဆက်လက်မိန့်ကြားလေသည်။ တပည့်ရသေ့တို့သည်လည်း ဆရာရသေ့ကြီးနှင့်အတူ ဘုရားရှင်တို့ကို ကြည်ညိုမြတ်နိုးသောစိတ်ထားဖြင့် သဲပုံစေတီကို အကြိမ်ကြိမ် ဦးခိုက်ပူဇော်ကြလေသည်။

ထို့အပြင် ပုလိနထူပိယအမည်ရှိသော မထေရ်အလောင်းနာရဒရသေ့သည် "ငါတို့ကို လူတွေက ပူဇော်ကြ၏။ ငါ့မှာတော့ ပူဇော်ရမည့်သူလည်းမရှိ၊ ဆုံးမစကားပြောကြားမည့် ဆရာသမားလည်းမရှိဖြစ်ချေ၏။ ဤသို့ပူဇော်ရာမဲ့၊ ကိုးကွယ်ရာမဲ့နေရခြင်းမှာ အကျိုးမရှိ၊ ငါအလေးပြုထိုက် ပူဇော်ထိုက်သော ဆရာသမားကို ရှာမည်ဟု အကြံရလေသည်။ ထို့နောက် ကျောင်းသခ်မ်းအနီးရှိ အမရိကမြစ်ငယ်၌ သဲပုံစေတီတစ်ဆူတည်ကာ ပရိနိဗ္ဗာန်စံတော်မူကြသော ဘုရားရှင်တို့၏ စေတီပုထိုးတို့သည် ဤသဲပုံစေတီကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ဘုရားစေတီနိမိတ်အာရုံယူကာ ရွှေဆည်းလည်းသုံးထောင်တို့ဖြင့် စေတီတော်ကို ပူဇော်လေသည်။ သက်တော်ထင်ရှားမြတ်ဘုရားအမှတ်ဖြင့် သဲပုံစေတီတော်ကို ရည်စူးပူဇော်ခြင်းဖြစ်လေသည်။

မြန်မာဘုရင်များမရှိတော့သည့်နောက်ပိုင်း သဲပုံစေတီပွဲတော်ကျင်းပသည့်ဓလေ့ တဖြည်းဖြည်း မှေးမှိန်သွားပြီး တပေါင်းလပြည့်နေ့တွင် ဘုရားပွဲတော်များ ကျင်းပသည့် ဓလေ့ခေတ်စားလာခဲ့သည်။ ထိုဘုရားပွဲတော်ကိုပင် တပေါင်းပွဲတော်ဟု ခေါ်ကြတော့သည်။

သာသနာတော်အလိုအားဖြင့် တပေါင်းလပြည့်နေ့ကို ဗုဒ္ဓမြတ်စွာ ပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပကြသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့မှ ဒါယကာ၊ ဒါယိကာမများကို တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ခေါင်းဆောင်အမတ်ကြီး ဆယ်ဦးကို နောက်ပါအခြံအရံတစ်ထောင်စီဖြင့် ဆယ်ကြိမ်ခဲ့ကာ ဘုရားပင့်ရန် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူသည်။ နောက်ဆုံးအသုတ်ကို ကာဠုဒါယီအမတ်ကြီးက ဦးဆောင်သွားရသည်။ ဘုရားအပင့်သွားသော အမတ်ကြီးဆယ်ယောက်နှင့်အတူ နောက်ပါတစ်သောင်းတို့က ဘုရားတရားနာရ၍ ရဟန္တာဖြစ်ကုန်ကြသည်။ ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလ အခါသမယ လမ်းခရီး၏ သာယာပုံနှင့် ကပိလဝတ် နေပြည်တော်သို့ ကြွသင့်ကြောင်းကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် သီကုံး၍ ခမည်းတော်၏ ကျေးဇူးကို သိတတ်သောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုနေ့မှာ တပေါင်းလပြည့်နေ့ဖြစ်လေသည်။

အင်းဝခေတ်စာဆိုအကျော်ရှင်အုန်းညိုက ပျို့လင်္ကာဖြင့် ဂါထာ ၆၀ ပျို့ဟု အမည်ပေးမှတ်တမ်းတင်ရာတွင်-

"ဤအခါကား၊
ဟေမာချမ်းဆောင်းကြွလဲပြောင်းသား
တပေါင်းနွေလ၊ ဂိမှာနဟု
သာလှပျော်မွှ၊ သည်ရတု၌
ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့
ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း
ပွင့်ရောင်တိချည်း၊ ဖြစ်ပေါ်မည်း၏
ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့
ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်
သွားခါကာလတန်ပါပြီဘုရား" ဟုထည့်သွင်းစပ်ဆိုခဲ့သည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ဘုရားရှင်သည် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်မြို့မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်ပြည်သို့ တစ်ရက်လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ ဒေသစာရီကြွချီတော်မူသည်။ ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကြောင့် နိဂြောဓာရုံကျောင်းကြီး ပေါ်ပေါက်လာသည်။ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူရသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် မဟာဓမ္မပါလဇာတ်တော်ကြီးကို ကြားနာရသဖြင့် အနာဂမ်တည်သည်။ နောင်အခါ အရဟတ္တဖိုလ် တည်လေသည်။

မိထွေးတော်ဂေါတမီ သောတာပန်တည်သည်။ ယသော်ဓရာကို အကြောင်းခံ၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူသည်။ ညီတော်နန္ဒမင်းသား ရဟန်းပြုရသည်။ သားတော်ရာဟုလာသာမဏေဘဝကိုရရှိသည်။ သာကီဝင်မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ရှိလေသည်။ အရှင်သာရိပုတ္တရာ လျှောက်ထားသဖြင့် ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူသည်။

မြတ်ဗုဒ္ဓဘုရားရှင် ပြည်တော်ဝင်အခါတော်နေ့ကို အကြောင်းပြု၍ လောကအကျိုး၊ ဓမ္မအကျိုး၊ သာသနာ့အကျိုးတို့များစွာပွားစီးလေသည်။ နောင်အခါရက်မြတ်ဖြစ်သော တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ကာ ဘုရားရှင်အားရည်မှန်း၍ ဂုဏ်တော်ကျေးဇူးတော်များကို အောက်မေ့ကာ နှစ်စဉ်ပူဇော်ပွဲကျင်းပလျက်ရှိကြပေသည်။ ။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၇ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပဲခူးမြို့၌ဟောပြော

ပဲခူး မတ် ၆

ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြောပွဲနှင့် တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးကအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးရာဌာနကြီးမှူး ဒေါ်မိုးသူဇာကျော်က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်း ဟောပြောပြီး ဒေါက်တာအယ်ဆေးက အရိုးပါး အရိုးပွရောဂါအကြောင်းရှင်းလင်းဟောပြောသည်။ ထို့နောက် MEGA ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ နာယက ဒေါ်မြင့်မြင့်စိုးက လက်ခံယူသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး၊ ဒေါ်တင့်မော်၊ ဥက္ကဋ္ဌဒေါ်မေသူနှင့်အဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ ပါဝင်ရောင်းချသည့် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြော

ဒိုက်ဦး မတ် ၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့ အေးသုခရဲစခန်းပိုင်အတွင်း ဖေဖော်ဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်အထိ မှုခင်းကင်းမဲ့လအဖြစ်သတ်မှတ်၍ မှုခင်းလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက မှုခင်းမဖြစ်ပွားရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို အေးသုခမြို့သစ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အေးသုခမြို့သစ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဟောပြောဆွေးနွေး

ထို့နောက် ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းက မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ ရဲအုပ်မောင်မောင်ဝင်းက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ ပဲခူးတိုင်းဒေသကြီးယာဉ်ထိန်းဌာနမှ ဒုတိယရဲအုပ်စန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၁၁၁)

သီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်တော် လှူဒါန်း

ရန်ကုန် မတ် ၆

ရွှေပြည်သာမြို့နယ် ၂၀ ရပ်ကွက် ရွှေရတနာ သီလရှင်စာသင်တိုက်တွင် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဓမ္မ သီလရှင်အပါး (၁၀၀)ဝတ်ပွဲအခမ်းအနားကို မတ် ၂ ရက် ညနေ ၃ နာရီက ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့်အဖွဲ့ဝင်တို့က ဆွမ်းဆန်တော် ခြောက်အိတ်၊ စားသုံးဆီပိဿာ ၃၀ နှင့် အခြေခံဗုဒ္ဓဘာသာစာအုပ်အပါအဝင် သုတ၊ ရသ စာအုပ်မျိုးစုံ ၆၅ အုပ်တို့အား ရွှေရတနာသီလရှင် စာသင်တိုက် ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ပညာစာရီနှင့် ဒေါ်ကဥ္စနမာလာထံသို့ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၁၆၆)**

တိုက်ကြီးမြို့နယ်၌ ချေးငွေပေးအပ်

တိုက်ကြီး မတ် ၆

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသေးစား ပုဂ္ဂလိကချေးငွေပေးအပ်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနား၌ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ဆွေမြင့်က အမှာစကားပြောကြားသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့်တာဝန်ရှိသူများက ဂျိုးဖြူစံပြကျေးရွာအုပ်စုနှင့် အင်္ဂလားရပ်ကွက်တို့မှ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၂၉ ဦးတို့အတွက် ချေးငွေကျပ် ၈၇ သိန်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် တောင်ဥက္ကလာပမြို့နယ်အခြေခံရောင်းဝယ်ရေး သမဝါယမအသင်း ၁၀ သင်းစုပေါင်း၍ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် အောင်ရတနာရောင်းဝယ်ရေး သမဝါယမဝင်းအတွင်းရှိ စုပေါင်းငါးမွေးမြူရေးကန်တွင် မတ် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနှင့်အဖွဲ့ တီလားပီးယားငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။ (၀၂၃)

ညောင်ဦးမြို့နယ်တွင် မန်ကျည်းပင်များအသီးလှိုင် အပင်ပေါ်မျက်မြင်အတိုင်း ဈေးဖြတ်ရောင်းချ၊ ဈေးကောင်းရ

ညောင်ဦး မတ် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် နေရာအနှံ့အပြားတွင် မန်ကျည်းပင်များပေါက်ရောက်လျက်ရှိရာ အချို့မန်ကျည်းပင်များသည် လုံးပတ် ၁၀ ပေ၊ ၁၅ ပေအထိရှိသည်။ အပင်များမှာ အပင်အိုကြီးများဖြစ်ပြီး အချို့အပင်များမှာ နုပျိုဆဲအပင်များဖြစ်ကြသည်။ မန်ကျည်းဈေးနှုန်းမှာ မန်ကျည်းပင် အကြီး/အသေးလိုက်၍ အပင်ပေါ် မျက်မြင်အသီးများအတိုင်း ဈေးဖြတ်ပြီး ပိုင်ရှင်နှင့် ဈေးညှိ၍ ဝယ်ယူကြကြောင်း သိရသည်။ မန်ကျည်းသီးမှည့်ဈေးနှုန်းမှာ အစေ့လွတ်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် လည်းကောင်း၊ အစေ့ပါဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဖြင့်လည်းကောင်း ဈေးဖြတ်ဝယ်ယူလျက်ရှိရာ မန်ကျည်းပင်ပိုင်ရှင်များ ဈေးကောင်းရလျက်ရှိကြောင်း ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်း မန်ကျည်းသီးဝယ်ပွဲရုံတစ်ခုမှသိရသည်။

ထို့ကြောင့် မန်ကျည်းပင်ပိုင်ရှင်များ ဝင်ငွေကောင်း၍ စီးပွားဖြစ်နေကြသည်ကို တွေ့ရသည်။ မန်ကျည်းသီးမှည့်ကို ဖျော်ရည်အဖြစ်လည်းကောင်း၊ ဟင်းချက်စရာအဖြစ်လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးများ ဖော်စပ်ရာတွင်လည်းကောင်း အသုံးပြု သုံးစွဲကြသည်။ **(အပေါ်ပုံ)** **ကျော်ဌေး(ညောင်ဦး)**

ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမက(၁၁) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်း (ခ) မှ ပထမဆုရရှိသော မောင်သန့်ဘုန်းထက် အပါအဝင် ဆုရကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

မိဘဆရာအသင်းစည်းဝေး

ရန်ကုန် မတ် ၆

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအဆင့်သူငယ်တန်း(ခ)မှ ပထမဆု မောင်ဖြိုးဝဏ္ဏကျော်နှင့် ဆုရသူများအား ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ပညာရေးပြပွဲဆိုင်ရာ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ၏ ပညာရေးလမ်းညွှန်ချက်များကို အထောက်အကူပြုစေရန်၊ သင်ယူမှုအခွင့်အလမ်း၊ အရည်အသွေးနှင့် ကျန်းမာရေးကဏ္ဍများ မြှင့်တင်နိုင်စေရန်နှင့် ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ရောက်ရှိ ပျံ့နှံ့စေရန် ရည်ရွယ်ချက်များဖြင့် Global Education Show 2012 including; Health & Beauty 2012 ပြပွဲကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်တကောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ IEMS Managing Director ဦးသက်လွင်ရွှေက ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး LCCI- Business Development Consultant-ဦးကျော်ထင်၊ SR Education-Founder-ဦးနေလင်းဖြိုး၊ Asia Pacific Consultancy-MD ဒေါ်ခင်မာနွယ်၊ Gusto မှ Marketing Manager ဒေါ်အိနှင်းဖြူ၊ Chin Dwin College မှ Programme Manager ဒေါ်ယမင်းအေးတို့က ပညာရေးပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ပြပွဲတွင် ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်အမျိုးမျိုး၊ ပြည်တွင်းမှ ပညာရေးဆိုင်ရာ၊ IT နှင့် နည်းပညာဆိုင်ရာ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ၊ နိုင်ငံခြားဘာသာစကားဆိုင်ရာ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ၊ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ၊ ဆေးဝါးပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် အလှအပဆိုင်ရာ၊ ကွန်ပျူတာဆိုင်ရာ ပစ္စည်းအမျိုးမျိုးတို့အပြင် နည်းပညာဆိုင်ရာပစ္စည်းများ၊ စာအုပ်စာပေအမျိုးမျိုး၊ စာရေးကိရိယာပစ္စည်းအမျိုးမျိုးတို့ကို ဈေးကွက်အတွင်းနှင့် ပြည်သူများအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ ပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

စာသင်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

သိန်းနီ မတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့တို့မှ သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာပြည်သူများနှင့် ပူးပေါင်းဆောက်လုပ်ပြီးစီးသော စာသင်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မှူခင်းသတင်း

မြန်မာ့အလင်း ၆-၃-၂၀၁၂

ကားချင်းရှောင်ရာမှ လမ်းဘေးသစ်ပင်ဝင်တိုက်မိ

မိတ္ထီလာ-မြင်းခြံသွားကားလမ်း အင်းပက်လက်ကျေးရွာ မိုင်တိုင်အမှတ် ၅/၅ အနီးတွင် ဖေဖော်ဝါရီ ၂၆ ရက်က ယာဉ်မောင်း အောင်သက်လွင်မောင်းနှင်သော မိတ္ထီလာ-မြင်းခြံ ရွှေနဂါးလိုင်းမှ ယာဉ်အမှတ် န/. . . ဟိုင်းလတ်အဖြူရောင်သည် မြောက်မှ တောင်ဘက်သို့ မောင်းလာစဉ် မျက်နှာချင်းဆိုင်မှလာသော ကုန်ကားတစ်စီးကို ရှောင်လိုက်ရာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ဘေးသို့ ထိုးကျသွားပြီး ထနောင်းပင်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ထိုသို့ ဝင်ရောက်တိုက်မိစဉ် ကားခေါင်မိုးပေါ်မှစီးလာသည့် တောင်သာမြို့နယ် တဲကြီးကုန်းကျေးရွာမှ ဦးထွန်းလှိုင် အသက်(၆၀)သည် ကားပေါ်မှပြုတ်ကျပြီး နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ အမှတ်(၁)ရဲစခန်းမှ ယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၁၂)**

ဝမ်းတွင်းမြို့တွင် နှစ်လုံးထီရောင်းသူဖမ်းဆီး

ဝမ်းတွင်းရဲစခန်းမှ ဒုရဲအုပ် မျိုးဇော်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်က အသိသက်သေ ဝမ်းတွင်းမြို့ အမှတ် (၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပေါက်ပေါက်၊ အသိသက်သေ ဦးတင်ညွှန့်နှင့်အတူ ဝမ်းတွင်းမြို့ အမှတ် (၃) ဗဟိုရပ်ကွက်နေ တင်ထွန်းဝင်းအိမ်သို့ ရှောင်တခင်ဝင်ရောက်ရှာဖွေရာ တင်ထွန်းဝင်း အိမ်မှ နှစ်လုံးထီလောင်းကစားပစ္စည်း ၁၄ မျိုးနှင့်အတူ လောင်းကြေး ငွေကျပ် ၁၄၈၀၀ အား လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ **(၀၁၂)**

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်း (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ ဆောင်ရွက်

နေပြည်တော် မတ် ၆

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ကို မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၅၄)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမည်စာရင်းပေးပို့

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **လူမှုဖူလုံရေးဥပဒေကြမ်း**ကို မတ်လ ၁ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းကို စိစစ်ပြီး ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည်ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်" တိကျစွာဖော်ပြ၍ မတ်လ ၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

မှတ်တမ်းတင်

ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ ကွယ်လွန်ခဲ့ခြင်းအတွက် လွှတ်တော်ကဝမ်းနည်းကြောင်း မှတ်တမ်းတင်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်ကို ကျန်ရစ်သူမိသားစုများအတွက် စုပေါင်းထောက်ပံ့ကူညီရန် သဘောတူခဲ့မှုအရ လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာ နေ့တွက်စရိတ်အပါအဝင် ငွေကျပ်သိန်း (၄၀)ကို ကျန်ရစ်သူမိသားစုထံ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုသစ် (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် မတ် ၆

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းရာ ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုသည်။

အမျိုးသားလွှတ်တော်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းက မူလတန်းအဆင့်သည် အခြေခံအရေးကြီးဆုံးအဆင့်ဖြစ်သည့်အတွက် မူလတန်းဆရာ၊ ဆရာမများကို စနစ်တကျရွေးချယ်ရေး၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှု သင်ကြားနည်းစနစ်ကို ယခုထက်ပိုမိုအလေးထားရေး၊ ပညာရည်မြင့်မားရေးအတွက် စာမေးပွဲစနစ်ကို ပြန်လည်သုံးသပ်ရေးနှင့် အင်္ဂလိပ်စာအရည်အသွေးမြင့်မားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး အဆိုကို ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❒

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မိုဘိုင်းတယ်လီဖုန်းများ ရောင်းချမည့်အစီအစဉ် ထုတ်ပြန်ကြေညာခြင်း စာ-၃

ဥပဒေအရ ကြိုတင်မဲပေးခွင့်ရှိသူမှအပ အခြားမဲဆန္ဒရှင်များ မဲရုံတွင်သာ မဲပေးကြရန် တိုက်တွန်းနှိုးဆော် စာ-၆

ညောင်ဦးမြို့နယ်တွင် မန်ကျည်းပင်များ အသီးလှိုင်၊ အပင်ပေါ်မျက်မြင်အတိုင်း ဈေးဖြတ်ရောင်းချ၊ ဈေးကောင်းရ စာ-၁၀

7-3 (20).pmd 1 3/7/2012, 2:58 AM